# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက် ကြာသပတေးနေ့။ Thursday, 2 July 2026 ၁၂၂၂၇


## ၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု "ပုလဲရတု စွမ်းအားပြ၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်တင်ဆက်သည့် "ပုလဲရတု စွမ်းအားပြ၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ" ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ (MICC-I)၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ ရုပ်ရှင်အနုပညာရှင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။

**ယနေ့ ဖတ်စရာ**


**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ**


စာမျက်နှာ » ၆

**ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့် ပေးစာ(၁)**

ဆောင်းပါး စာမျက်နှာ » ၈

**ရန်ကုန်-မော်လမြိုင် ရထားလမ်းပိုင်းတွင် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲ**

စာမျက်နှာ » ၁၆

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃၀-၆-၂၀၂၆ ရက် နေ့ မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၃-၇-၂၀၂၆ ရက်နေ့မှ ၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်

**နေပြည်တော် ဇူလိုင် ၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ခြင်းလုံးအားကစားအသင်း ယှဉ်ပြိုင်စဉ်။



## မိတ္ထီလာခရိုင်အတွင်း စံပြကျေးရွာ လေးရွာ၌ စွမ်းအားမြင့်မီးဖို ၆၀၅ လုံး အခမဲ့ဖြန့်ဝေ

**မိတ္ထီလာ ဇူလိုင် ၁**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဇွန်လတွင် မိတ္ထီလာခရိုင်အတွင်း စံပြကျေးရွာ လေးရွာ၌ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ ဆောင်ရွက်ပြီး အိမ်ထောင်စု ၆၀၅ စုအတွက် စွမ်းအားမြင့် (သံပုံးစွပ်) မီးဖို ၆၀၅ လုံး ဖြန့်ဝေပေးသည်။

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❂

ကြေးမုံ

# နိုင်ငံတကာဆက်ဆံရေးကောင်းမွန် မှုလအခြေအနေထက်သာလွန်

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ဒေသတွင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လျက်ရှိသည်။ နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ဆက်ဆံလျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများနှင့် အေးအတူပူအမျှ လက်တွဲဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းအိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်နှင့်အညီ ထိတွေ့ဆက်ဆံထားသည်။ နိုင်ငံတကာဆက်ဆံရေးတွင် ယင်းတို့ကို အခြေခံပြီး ဆက်ဆံလျက်ရှိသောကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်သည် အလွန်ကောင်းမွန်သောအခြေအနေရှိသည်။

နိုင်ငံအချင်းချင်းဆက်ဆံရေးနှင့်ပတ်သက်၍ သံတမန်ဆက်ဆံရေး၊ နိုင်ငံ့ခေါင်းဆောင်များ ဆက်ဆံရေး၊ အစိုးရအချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းဆက်ဆံရေးတို့ရှိရာ နယ်ပယ်အသီးသီးတွင် ကောင်းမွန်တိုးတက်မှုများရှိလာသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုများကြောင့် တိုးတက်မှုအပေါင်းရလဒ်များ ယခင်ထက် ပိုမိုဆောင်ကြဉ်းလာနိုင်သည်ကို တွေ့ရမည်ဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံး သန်း ၁၄၀၀ ကျော်ရှိ၍ တရုတ်နိုင်ငံသည် လူဦးရေ သန်း ၁၄၀၀ ကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ပြီး စစ်ရေး၊ စီးပွားရေး၊ နည်းပညာအင်အားကြီးနိုင်ငံကြီးများဖြစ်သည်။ နိုင်ငံကြီးများနှင့် ဆက်ဆံနိုင်ခြင်းသည် နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ဆက်ဆံရေးနှင့် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးအရ အောင်မြင်မှုများပင်ဖြစ်သည်။

အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံအားလုံးနှင့် အေးအတူပူအမျှ အသိုက်အဝန်းကို ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံတော်အစိုးရသစ် သမ္မတတာဝန်စတင်ယူသည်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီး၏ ဖိတ်ခေါ်မှုအရ မေ ၃၀ ရက်မှ ဇွန် ၃ ရက်အထိ ငါးရက်တာခရီးသွားရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၊ အိန္ဒိယနိုင်ငံ သမ္မတ၊ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေး ပုဂ္ဂိုလ်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ပညာရေး၊ နည်းပညာ၊ ကျန်းမာရေး၊ နယ်စပ်ဒေသအရေး၊ ဆေးဝါး၊ မူးယစ်ဆေးဝါး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးစသည့် ကဏ္ဍပေါင်းစုံတို့ကို ဆွေးနွေးနိုင်ခဲ့သည်။ နှစ်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးတွင် သဘောတူညီချက်များစွာရရှိခဲ့ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် သဘောတူညီမှုများ ရရှိခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတကြီး ဦးဆောင်သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ကို ဇွန်လ ၁၅ ရက်မှ ၁၉ ရက်အထိ ငါးရက်ကြာသွားရောက်ခဲ့ရာ ခရီးစဉ်အတွင်း သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာ လီချန်း၊ တရုတ်အမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ကျောက်လဲ့ကျိနှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂုဏ်ယူစရာခရီးစဉ်အတွင်း တရုတ်-မြန်မာ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို အလေးထားဆွေးနွေးခဲ့သည်။ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ထိရောက်စွာ ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်(State Visit) ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်ဖြစ်သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် လာအိုနိုင်ငံ သမ္မတနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ဆွေးနွေးပွဲများပြုလုပ်ခြင်းနှင့် လာအိုနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့အပြင် ပြည်နယ်အကြီးအကဲများကိုလည်း လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်။ ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေး၊ နိုင်ငံ့ခေါင်းဆောင်များဆက်ဆံရေး၊ အစိုးရအချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းဆက်ဆံရေး စသည့်နယ်ပယ်အသီးသီးတွင် တိုးတက်ကောင်းမွန်မှုများရှိလာခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးမူဝါဒနှင့် စိတ်ရင်းစေတနာ မှန်ကန်မှုများကြောင့် တိုးတက်မှုအပေါင်းရလဒ်များ ယခင်ထက် ပိုမိုဆောင်ကြဉ်းပေးနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်အား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## လှည်းကူးမြို့နယ်၌ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့မှ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဟောပြော

လှည်းကူး ဇူလိုင် ၁

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးဆောင်၍ လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့မှ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးမိသူက အသိပညာပေးဟောပြောပွဲ ကျင်းပရသည့်ရည်ရွယ်ချက်ကို ပြောကြားပြီး ခရိုင်ဒုတိယရဲမှူးကြီးညီညီဌေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်မင်းမင်းခင်တို့က လူကုန်ကူးမှုခံရနိုင်သည့် အကြောင်းအရာများ၊ အမျိုးသမီးအကြမ်းဖက်ခံရမှုမှ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ သက်ငယ်မုဒိမ်းမှုများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ ပြစ်မှု/ပြစ်ဒဏ်များကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

## (၁-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၃ ~ ၃၆၆၈ | ၅၅၇.၉ ~ ၅၅၈ | ၁၂၅.၄ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၉,၇၃၂,၆၇၃.၆၉ | ၆,၅၅၉,၁၅၅.၃၉ | ၄၅,၆၂၇,၇၉၉.၄၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ဂျုံ၊ ပြောင်းစေ့၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၃၁ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ၁ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၇၆ | ၁,၃၆၈,၀၀၀ |
| MTSH | ၉,၀၀၀ | ၈,၉၀၀ | ၁၀၇ | ၉၅၃,၅၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၂ | ၂၆,၀၀၀ |
| FPB | ၇,၂၀၀ | ၇,၂၀၀ | ၃၁၁ | ၂,၂၃၉,၂၀၀ |
| TMH | ၃,၈၀၀ | ၄,၀၀၀ | ၄၉ | ၁၈၂,၁၀၀ |
| EFR | ၂,၁၀၀ | ၂,၀၅၀ | ၂,၄၃၃ | ၅,၀၀၉,၃၀၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၃ | ၁၁,၇၀၀ |
| MAEX | ၆,၃၀၀ | ၆,၄၀၀ | ၉၆၃ | ၆,၁၅၉,၃၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၇,၀၀၀ | ၈၄ | ၅၃၄,၁၀၀ |
| ASPGB(PLB) | ၆၀,၀၀၀ | ၅၉,၀၀၀ | ၂၃ | ၁,၃၆၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ “ဝါဆိုဆန်းသစ်မြန်မာ့ချိတ်အစစ်” အစီအစဉ်တင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးနှင့် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌများ၏ ဇနီးများ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီး၊ အထူးဧည့်သည်တော်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၏ဇနီး၊ အမှတ်(၃) စစ်ဆင်ရေးအထူးအဖွဲ့မှူး၏ဇနီး၊ စစ်ရေးချုပ်၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ အမျိုးသမီးဒုတိယဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ ဒုတိယဝန်ကြီးနှင့်အဆင့်တူ အမျိုးသမီးပုဂ္ဂိုလ်များ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များ၊ အမျိုးသမီးအဖွဲ့များ၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံကျော်အနုပညာရှင်များ၊ သဘင်ပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေး ဂီတပညာရှင်များအား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေး John Lwin အား ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်စဉ်။



၂၀၂၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု “ပုလဲရတု စွမ်းအားပြု ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင်ဂီတဖျော်ဖြေပွဲ ကျင်းပစဉ်။

အခမ်းအနားတွင် “မြန်မာအမျိုးသမီးများနေ့” တေးသီချင်း၊ “အင်အားသစ်များနှင့် အတူ” တေးသီချင်း၊ “ရောင်နီသစ်ပြီ” စသည့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ “နှစ်သုံးဆယ်အသွင် ပုလဲအဆင်”၊ “တူစုံမောင်မယ် တေးပုလဲသွယ်”၊ “ရောင်သွေးစုံလင် ပါတိတ်လွင်ပြင်” ခေါင်းစဉ်ဖြင့် နာမည်ကျော်ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများကို ဝတ်စားဆင်ယင်ပြသခြင်းနှင့် “ထာဝရငြိမ်းချမ်းရေး” တေးသီချင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်စေရန် ရည်ရွယ်၍ “ကကြိုး” အမည်ဖြင့် တစ်ခန်းရပ်ပညာပေးဇာတ်လမ်းတိုဖြင့် တင်ဆက်ကြပြီး အခမ်းအနားအစီအစဉ် ပထမပိုင်းကို ခေတ္တရပ်နားသည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် “ဝါဆိုဆန်းသစ်မြန်မာ့ချိတ်အစစ်”နှင့် “တူစုံမောင်မယ် တေးပုလဲသွယ်” (ဒုတိယပိုင်းအစီအစဉ်)ဝတ်စားဆင်ယင်မှုဖြင့် တင်ဆက်ခြင်း၊ “ထမင်း မိန်မိန် စားချင်တယ်” နှင့် “မွေခံထိုက်စေ” တေးသီချင်းဖြင့် ဖျော်ဖြေခြင်း၊ အပြုံးမင်းသားလေး စမ်းရေမိုးက ကပြဖျော်ဖြေ တင်ဆက်ခြင်းနှင့် “သဘင်တစ်ခေတ်နှစ်ပါးအသစ်” ဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက KBZ Group နာယက အလှူရှင် ဒေါ်နန်းလိုင်းခမ်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အတွင်းရေးမှူး ဒေါ်မြတ်မြတ်ဦးနှင့် ရုပ်ရှင်အနုပညာရှင်များအားလည်းကောင်း၊ ဒုတိယသမ္မတ(၁)၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်စမ်းစမ်းအေးက သဘင်ပညာရှင်များနှင့် ဂီတပညာရှင်များကိုလည်းကောင်း၊ ဒုတိယသမ္မတ(၂) မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းနီနီအေးက Forever Group နှင့် John Lwin တို့အားလည်းကောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများနှင့်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က ဒီဇိုင်နာများ၊ အလှူရှင်များအားလည်းကောင်း ဂုဏ်ပြုပန်းစည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ၊ ဒုတိယသမ္မတ(၁)၏ဇနီး ဒေါ်စမ်းစမ်းအေး၊ ဒုတိယသမ္မတ(၂) ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စု တရားလွှတ်တော်ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဇမ္ဗူ့ကျက်သရေလမ်းနှင့် ရွှေကြာပင်လမ်းထောင့်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ကွန်တိန်နာအိမ်ရာဝင်းအတွင်း၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၃၀၀ တပျော်တပါး စုပေါင်းစိုက်ပျိုးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မူးယစ်ဆေးဝါးသုံးစွဲမှုဖြစ်ပြီးသူများအတွက် စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲ တက်ရောက်

**ဝက်ထီးကန် ဇူလိုင် ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဖြစ်ပြီး



သူများ ပြန်လည်ထူထောင်ရေးစခန်း (ဝက်ထီးကန်)၌ ကျင်းပသည့် မူးယစ်ဆေးဝါးသုံးစွဲမှု ဖြစ်ပြီးသူများအတွက် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းက ရက်ပေါင်း ၉၀ ကြာဖွင့်လှစ်လျက်ရှိပြီး သင်တန်းကာလအတွင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု အနေဖြင့် အားကစားနည်းမျိုးစုံနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုအနေဖြင့် နှစ်သိမ့်ဆွေးနွေးခြင်း၊ အသိပညာပေးခြင်း၊ အလုပ်ပေးကုထုံး၊ ဘာသာရေးကုထုံးများ ဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာအနေဖြင့် တံဆိပ်ရိုက်၊ ဆံသ၊ ဘက်စုံသုံးဆပ်ပြာဆီ၊ ဘိလပ်မြေအုတ်ရိုက်၊ ဆိုင်ကယ်ပြင်သင်တန်းနှင့် စိုက်ပျိုးရေး/ မွေးမြူရေးလုပ်ငန်းများ သင်ကြားပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်မှု ခံယူထားသူများအား အလုပ်အကိုင်ရရှိစေရေးနှင့် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းသားများနှင့် မိဘအုပ်သင်တန်းသားများအား နွေးနွေးထွေးထွေး တွေ့ဆုံအားပေးစကား ပြောကြား၍ သင်တန်းအိပ်ဆောင်၊ ထမင်းစားဆောင်၊ သင်တန်းသားများ စိုက်ပျိုးထားသော စိုက်ခင်းနှင့် လမ်းဘေးဝဲယာရှိ သစ်ပင်ပန်းပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

**မော်လမြိုင် ဇူလိုင် ၁**

၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အကြိုအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ မင်းရွာကျေးရွာ အားကစားဥယျာဉ်ဝင်း အတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊



ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအဖွဲ့အစည်းများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်၊ သူနာပြု/ သားဖွား သင်တန်းကျောင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများက ပျိုးပင် ၁၁၂၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ကလောမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကလော ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဂျီအီးစီ(ပညာရေး)နှင့် မြတ်ပညာ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် ၂၀၂၅-၂၀၂၆ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၃၀ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

ဦးစွာ ဂျီအီးစီ(ပညာရေး)နှင့် မြတ်ပညာငွေစုငွေချေးသမဝါယမ အသင်းလီမိတက် သဘာပတိ ဒေါ်လွဲလွဲအောင်နှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဦးညီညီအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးခင်ထွန်းက သမဝါယမဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သဘာပတိက အသင်း၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်း၊ အသင်း၏ရှေ့လုပ်ငန်းစဉ်များ၊ အသင်းအမှုဆောင်၏ တင်ပြမှုအမှာစာများကို အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

❍ ၂၀၂၆ ခုနှစ်မှ

အဆိုပါဖွင့်ပွဲသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးတင်ဦးလွင်၊ ဦးမြင့်ကြိုင်နှင့် ဦးမောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေး အဖွဲ့များ၊ ဝန်ကြီးဌာနကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများ၊ ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ဒိုင်လူကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် (၆) ပေါက်တန်း (အမျိုးသား)ပြိုင်ပွဲ ပွဲစဉ်များအဖြစ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သာသနာရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံး (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဇူလိုင် ၁ ရက်မှ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ခြောက်သင်း စုစုပေါင်းပြိုင်ပွဲဝင် ၂၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လသာမြို့နယ်၌ (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အကြို စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အကြို အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယ တိုင်း





ဒေသကြီး ဦးစီးမှူး ဒေါ်အေးသူမြင့်က မြို့နယ်များတွင် သမဝါယမ လှုပ်ရှားမှုဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်း လှုပ်ရှားမှုဆိုင်ရာများနှင့် ကဏ္ဍအလိုက် သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

**ပညာရွှေအိုးလူမခိုး ပညာရဲရင့် ပွဲလယ်တင့်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား ထိုင်းဘုရင့်တပ်မတော်မှ Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

**နေပြည်တော်  ဇူလိုင်  ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့သည့် (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော်မှ ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ (ယာပုံ)

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံယာယီသံရုံးတာဝန်ခံ၊ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားသည့်စိတ်၊ အိမ်နီးချင်းကောင်းပီသသည့် စိတ်ဓာတ်တို့ဖြင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ထောက်ပံ့ပစ္စည်းများ စေလွှတ်ပေးအပ်သည့်အတွက် များစွာကျေးဇူးတင်ရှိမှု၊ နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ၊ ယဉ်ကျေးမှုအဖွဲ့များ၊ အားကစားအဖွဲ့များနှင့် သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေများ၊ တရားမဝင်ကုန်သွယ်မှု၊ မူးယစ်ဆေးဝါးနှင့်အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❒ မိုးသည်းထန်စွာမှ**


ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဇူလိုင် ၃ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းနှင့် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်လာနိုင်ခြင်းတို့ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိုးကြီးမည့် သတိပေးချက်နှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန် ပေးပို့တင်ပြသွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**မိုး/ဇလ**



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃၀-၆-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံ တွက်ထုတ်ထားသည့် ၇-၇-၂၀၂၆ ရက်နေ့မှ ၁၀-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

# (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော်  ဇူလိုင်  ၁**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ Amazing Kengtong Resort ဟိုတယ်၌ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်လင်းမောင်၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ဇော်မင်းလတ်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ဦးစွာ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya တို့က အမှာစကား ပြောကြားကြသည်။

အဆိုပါ အစည်းအဝေးတွင် နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်မှုနှင့် အွန်လိုင်း လိမ်လည်လောင်းကစားမှု လုပ်ငန်းများ မရှိစေရေးအတွက် တိုက်ဖျက်နှိမ်နင်းရေး လုပ်ငန်းစဉ်များကို နှစ်နိုင်ငံအစိုးရချင်း ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နယ်စပ်ဒေသတွင် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ အခြားကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ညပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကျော်လင်းမောင်က ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt. Gen. Warathep Boonya နှင့် နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား စိန်ပန်းနီနီဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် Amazing Kengtong Resort ဟိုတယ်၌ ဆက်လက်ကျင်းပရာ နှစ်နိုင်ငံကိုယ်စားလှယ်ခေါင်းဆောင်များက (၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာနယ်ခြားကော်မတီအစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပြီး အမှာစကားများ ပြောကြားကြသည်။

ထို့နောက် နှစ်နိုင်ငံကိုယ်စားလှယ် ခေါင်းဆောင်များသည် နှစ်နိုင်ငံ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်ပေးအပ်ကြသည်။

(၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ကြည့်ရှုလေ့လာ၍ ပန်းခွေချအလေးပြုခြင်း၊ ကျိုင်းတုံမြို့ရှိ တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ခြင်းများ ဆောင်ရွက်ကြပြီး နေပြည်တော်နှင့် ကျိုင်းတုံမြို့ရှိ အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာ လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**❂ မိတ္ထီလာမှ**

ဆောင်ရွက်ပြီး အဆိုပါကျေးရွာလေးရွာမှ အိမ်ထောင်စု ၆၀၅ စုအတွက် စွမ်းအားမြှင့်(သံပုံးစွပ်)မီးဖို ၆၀၅ လုံး ဖြန့်ဝေပေးသည်။

စွမ်းအားမြှင့်မီးဖိုများသည် မိရိုးဖလာ ဖိုခုံလောက်ဆိုင်မီးဖိုနှင့် နှိုင်းယှဉ်ပါက ထင်းလောင်စာကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာပြီး စွမ်းအားမြှင့်မီးဖိုတစ်လုံးကို တစ်နှစ်သုံးစွဲပါက ထင်းတစ်တန်သက်သာသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ ၁၃ ခရိုင်အတွင်း သစ်တောဖုံးလွှမ်းမှု တိုးတက်စေရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကဲ့သို့ အရေးပါသောလုပ်ငန်းဖြစ်ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် လက်ရှိအချိန်အထိ သံပုံးစွပ်နှင့် အောဝမ်းစွမ်းအားမြှင့်မီးဖို ၈၅၃၆၁၇ လုံး၊ E-Free စွမ်းအားမြှင့်မီးဖို ၄၃၈၈၃၁ လုံး စုစုပေါင်း ၁၂၉၂၄၄၈ လုံးကို ကျေးလက်နေပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သောက်သုံးရေရရှိရေး၊ မြို့ပေါ်ရပ်ကွက်များ ရေလွှမ်းမိုးမှုကာကွယ်ရန် မြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်းနှင့် တာပေါင်မြှင့်တင်ပေးနိုင်ရေး၊ ဆည်ပြန်လည်ပြုပြင်ပေးနိုင်ရေး၊ ရေလှောင်ကန်နှင့်စပ်လျဉ်းသည့် ကျန်ရှိလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ကျေးရွာများ လျှပ်စစ်မီး၊ ထရန်စဖော်မာများ၊ လမ်းဘေးဝဲ/ယာ ဆိုလာမီးသီးများ တပ်ဆင်ပေးနိုင်ရေး၊ လျှပ်စစ်ခါတ်အားခွဲရုံ အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကျွန်းလှမြို့တွင် သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ ပံ့ပိုးကူညီပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က သဖန်းဆိပ်ရေလှောင်တမံတည်ဆောက်ခဲ့စဉ်က ကျွန်းလှမြို့သစ်ကို ၁၉၉၆ ခုနှစ်၌ ရွှေ့ပြောင်းတည်ဆောက်ခဲ့ပြီး မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုကာကွယ်ရန်နှင့် မြို့ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ကျွန်းလှမြို့နယ်အနီးရှိ ဘိုယားချောင်းကိုပိတ်၍ ဘိုယားတမံ(၁)နှင့် (၂)တို့ကို တည်ဆောက်ပေးခဲ့ပါကြောင်း။

ဘိုယားတမံ(၁)နှင့်(၂)၏ ကန်ရေပြည့်ရေလှောင်ပမာဏ ၈၁၀ ဧကပေ၊ (ရေဂါလန် ၂၂၀ သန်းခန့်) ရှိသည့်အနက် အသုံးပြုနိုင်သည့်ရေပမာဏမှာ ရေဂါလန် သန်း ၂၀၀ ဖြစ်ပါကြောင်း၊ မြို့နေလူထု၏ အဓိကရေသုံးစွဲမှုမှာ မြေအောက်ရေမှ ထုတ်ယူသုံးစွဲခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ယခုကာလတွင် နယ်မြေအခြေအနေများကြောင့် လျှပ်စစ်မီးမရရှိသည့် အခြေအနေကြောင့် ထုတ်ယူသုံးစွဲရန်အခက်အခဲဖြစ်ပေါ်သည့်အတွက် ဘိုယားတမံ(၁)မှ ရေကိုပြောင်းလဲသုံးစွဲခဲ့ရပါကြောင်း။

ထိုသို့သုံးစွဲနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် ဆည်ရေကို ဘိုယားတမံ(၁)အခြေရှိ ရေငြိမ်ကန်သို့ ရေဖြည့်တင်းပေးပြီး ကျွန်းလှမြို့နယ် စည်ပင်သာယာရေးကော်မတီမှ မြို့နေလူဦးရေ ၂၄၀၀ ခန့်အတွက် ရေဂါလန် ၆၀၀၀၀ ခန့် နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေအရ ကျွန်းလှမြို့ပေါ် ရပ်ကွက်ကြီးလေးခုရှိ လူဦးရေ ၁၄၄၁၈ ဦး အနက် ၂၄၀၀ အတွက်သာ ရေပေးဝေနိုင်သဖြင့် ရေလုံလောက်စွာပေးဝေနိုင်ရန်အတွက် သိုလှောင်ပမာဏ ဂါလန် ၄၅၀၀၀ ရှိသော ရေငြိမ်ကန်တစ်လုံး တည်ဆောက်ခြင်းနှင့် တမံအတွင်းမှ ရေငြိမ်ကန်သို့ ရေဖြည့်ပေးသည့် ရေတံခါးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **ကယားပြည်နယ် လှိုင်ကော်မြို့ပေါ်ရပ်ကွက်များအား ရေလွှမ်းမိုးမှုမှကာကွယ်ရန် ဘီလူးချောင်းဘေးမှ ရေတားတာပေါင်ပြုလုပ်ပေးပါရန်နှင့် ရှိပြီးသားတာပေါင်အား ပြန်လည်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကယားပြည်နယ် လှိုင်ကော်မြို့နယ်တွင် နှစ်စဉ်မိုးများ၍ ဘီလူးချောင်းရေ မြင့်တက်မှုကြောင့် ဘီလူးချောင်းကမ်းဘေး အနိမ့်ပိုင်းရပ်ကွက်များ နှစ်စဉ်ရေလွှမ်းမိုးမှုဒဏ်ခံရလေ့ရှိပြီး ရေဝင်ရောက်လွှမ်းမိုးမှုကို ကာကွယ်ရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ရေနီကန်ကျေးရွာနှင့် သတ္တပလူကျေးရွာအနီး ဘီလူးချောင်းအတွင်းရှိ သဲနုန်းများနှင့် ဒိုက်ပင်၊ ကိုင်းပင်များအား တူးဖော်ဖယ်ရှားခြင်းလုပ်ငန်း နှစ်ခု၊ ကန္တာရဝတီတံတားမှ နမ့်ကွတ်ရေစီးကြောင်းအတွင်း ဘီလူးချောင်းဘေးမြေနိမ့်နေရာအား ကျောက်ရောမြေဖြင့် ပေါင်မြှင့်တင်ခြင်းနှင့် ရေဆိုးထုတ်မြောင်းနေရာ ငါးနေရာအား ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ဘီလူးချောင်းကမ်းပါးဘေး ထပ်မံ၍ လိုအပ်သောနေရာများဖြစ်သည့် ရှမ်းစုရပ်ကွက် နန္ဒာလမ်းကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း အလျားပေ ၄၃၀ (မြဝတီလမ်းမှ ရှုမဝလမ်းအထိ)၊ ဒေါဥခူရပ်ကွက် ကမ်းနားလမ်း ကျောက်စီရေတားတာပေါင်နှင့် လျှောက်လမ်းပြုလုပ်ခြင်း အလျား ပေ ၁၀၆၀ (ကျွန်းတောလမ်းမှ ဒွေးမယ်နော်လမ်းအထိ)တို့အား ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သုံးခွမဲဆန္ဒနယ်မှဦးအောင်ကျော်မင်း၏ **သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လက်ရှိရေပေးဝေမှုစနစ်အား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း သို့မဟုတ် အနီးဆုံးဆည်/တမံမှ ရေရယူဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ အိမ်ထောင်စု ၇၄၆၈ စု၊ လူဦးရေ ၂၇၇၈၈ ဦး နေထိုင်လျက်ရှိပြီး တစ်နှစ်သောက်သုံးရေလိုအပ်ချက်မှာ ၁၆၈ ဒသမ ၈၁ ဂါလန်သန်း ဖြစ်ပါကြောင်း၊ သုံးခွမြို့နယ်အတွင်း သောက်သုံးရေပေးဝေနိုင်ရေးအတွက် ဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံများမရှိပါကြောင်း၊ သုံးခွမြို့နှင့် အနီးဆုံးတည်ရှိနေသော ရေလှောင်တမံမှာ ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းရေလှောင်တမံဖြစ်ပြီး မြို့နှင့် ၂၅ မိုင်ခန့်ကွာဝေးပါကြောင်း၊ ဘန့်ဘွေးကုန်းရေလှောင်တမံသည် သိုလှောင်ရေပမာဏ ၁၇၃၅ ဧကပေ (ရေဂါလန် ၄၆၉ သန်းခန့်)ရှိပြီး ကျောက်တန်းမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧရိယာ ၁၉၂ ဧကကို အကျိုးပြုနိုင်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားခြင်း ဖြစ်ပါကြောင်း။

ဘန့်ဘွေးကုန်းရေလှောင်တမံသည် မြို့ပြရေပေးဝေရန်အတွက် ဆောင်ရွက်ထားသော ရေလှောင်တမံမဟုတ်ဘဲ စိုက်ပျိုးရေပေးဝေလျက်ရှိသော ရေလှောင်တမံဖြစ်ပါကြောင်း၊ ရေသယ်ယူရမည့်အကွာအဝေးမှာလည်း များပြားပါသဖြင့် အနီးနားတွင်ရှိသည့် ရေအရင်းအမြစ်ကိုသာ သုံးစွဲရန်သင့်လျော်သည့် အခြေအနေဖြစ်ပါကြောင်း။

သုံးခွမြို့တွင် မြေသားရေလှောင်ကန် ၅၈ ကန်ရှိပြီး တိုးတက်လာသည့်လူဦးရေအတွက် ရေအရင်းအမြစ်များ ထပ်မံလိုအပ်လာမှုအပေါ် နံယောချောင်းပေါ်ရှိသုံးခွရေတံခါးမှ ရေကို မြို့ပေါ်ရပ်ကွက်အတွင်းရှိ သောက်သုံးရေကန်များသို့ ရေကူဖြည့်တင်းရန်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ ခြောက်လ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် လည်းကောင်း သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ သုံးခွမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များအား ရေပေးဝေနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆည်တမံမှ ရေပေးဝေနိုင်ရန်မှာ ရေသယ်ယူရမည့် အကွာအဝေးများပြားသဖြင့်လည်းကောင်း၊ စိုက်ပျိုးရေပေးဝေနေရသဖြင့် ရေပေးဝေနိုင်မှုပမာဏကန့်သတ်ချက်များ ရှိသောကြောင့်လည်းကောင်း မြို့ရေပေးဝေရေးနှင့် ပတ်သက်၍ လက်ရှိစီမံဆောင်ရွက်လျက်ရှိသော ဌာနမှသာ ဆက်လက်ဆောင်ရွက်ရန် သင့်လျော်ပါကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့ပေါ်ရှိ ကံကြီးဝဆည်ကြီးအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကံကြီးဝရေလွှဲဆည်သည် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ မြို့မရပ်ကွက် မဟူရာချောင်း(ခေါ်) ပါဟဲချောင်းပေါ်တွင်တည်ရှိပြီး ၂၀၂၅ ခုနှစ် မိုးတွင်းကာလ တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် ကံကြီးဝရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းများ ပို့ချခဲ့ခြင်း၊ ရေတိုက်စားမှုကြောင့် ရေလျှံထိန်းတာပေါင် အလျား ပေ ၁၀၀၀ ခန့် ပျက်စီးခြင်းနှင့် ရေလွှဲဆည်အောက်ပိုင်း ရေငြိမ်ကန် ရေတိုက်စားမှုကြောင့် အောက်ခံကြမ်းခင်းပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ စိုက်ပျိုးမြေဧရိယာ ၈၃၅ ဒသမ ၂၄ ဧကအား ကောင်းမွန်လုံလောက်စွာ ရေပေးဝေနိုင်ရေးအတွက် ကံကြီးဝရေလွှဲဆည်အထက်ပိုင်းတွင် သဲနုန်းတူးဖော်ခြင်း၊ ရေလွှဲဆည်အထက်ပိုင်း ရေလျှံထိန်းတာပေါင် တည်ဆောက်ခြင်း၊ ရေလွှဲဆည်အောက်ပိုင်း ရေငြိမ်ကန်အထွက်ပိုင်းတွင် မျောတုတ်ရိုက် Gabion Box ကျောက်ခြင်းချခြင်းလုပ်ငန်းများနှင့် အခြားလိုအပ်သောပြင်ဆင်မှုများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ တောင်သူများစိုက်ပျိုးရေးအတွက် အားထားရသော ကံကြီးဝရေလွှဲဆည် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအတွက် လိုအပ်သောရန်ပုံငွေအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်မြို့ပေါ် ရပ်ကွက်ကြီးများအားရေကြီးမှုမှကာကွယ်ရန် ဇော်ဂျီမြစ်ကြောင်းတစ်လျှောက် သဲနုန်းတူးဖော်ခြင်း အလျား ၂၀ မိုင် ဇော်ဂျီတာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဇော်ဂျီမြစ်သည် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ်မှ မြစ်ဖျားခံ၍ ပင်းတယ၊ ရပ်စောက်၊ ရွာငံမြို့နယ်များကို ဖြတ်သန်းစီးဆင်းကာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် စဉ့်ကိုင်မြို့နယ်တို့အားဖြတ်သန်း၍ ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်ပါကြောင်း၊ ဇော်ဂျီမြစ်ပေါ်၌ ဇော်ဂျီရေလှောင်တမံအား ၁၉၉၇ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ဇော်ဂျီမြစ်အား ရေစီးရေလာကောင်းမွန်စေရေးနှင့် မြစ်ရေလွှမ်းမိုးမှု လျှော့ချနိုင်ရေးအတွက် ဇီးတောရေလွှဲဆည်မှ ဒုဋ္ဌဝတီမြစ်အထိ အလျား မိုင်၂၀ အား မြစ်ကြောင်းချဲ့ထွင်ခြင်းနှင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ နောင်ခမ်းကျေးရွာအနီးတွင် ဇော်ဂျီမြစ်အရေးပေါ်ရေလျှံပေါက်အကျယ်ပေ ၁၅၀ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရွာငံမြို့နယ်တွင် မြို့ကြီးရေလှောင်တမံအား ၂၀၁၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် နောက်ပိုင်းနှစ်များတွင် ရေကြီးရေလျှံမှုကို လျှော့ချနိုင်ခဲ့ပါကြောင်း၊ ဇော်ဂျီမြစ်အတွင်း တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှရေများကို နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ထိန်းညှိထုတ်လွှတ်ထားခြင်းများကြောင့် ရာသီဥတုကောင်းမွန်သောနှစ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်းမရှိခဲ့ပါကြောင်း။

၂၀၂၄ ခုနှစ်တွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ထူးကဲမိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ချိန်တွင် မြို့ကြီးတမံရေပိုလွှဲမှ ၈ ဒသမ ၁ ပေကျော် စီးဆင်းခဲ့ခြင်း၊ မြစ်အတွင်းသို့ တိုက်ရိုက်စီးဝင်သည့် သံပိုချောင်းနှင့် ငမွဲချောင်းမှ စီးဆင်းရေများပြားခဲ့ခြင်းကြောင့် ဇော်ဂျီမြစ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော်လည်း နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထွက်စီးဆင်းစေခဲ့ခြင်းကြောင့် ကျောက်ဆည်မြို့သို့ ရေလွှမ်းမိုးမှုဘေးအန္တရာယ်အား အထိုက်အလျောက် လျှော့ချနိုင်ခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ်တွင် ကာဂျီကီမုန်တိုင်းအရှိန်ကြောင့် မိုးရွာသွန်းမှုများပြားခဲ့စဉ် ဇော်ဂျီမြစ်အတွင်းသို့ စီးဝင်ရေများပြားခဲ့သော်လည်း နောင်ခမ်းအရေးပေါ်ရေလျှံပေါက်မှ ပန်းလောင်မြစ်သို့ ခွဲထွက်စီးဆင်းစေခဲ့ခြင်းကြောင့် ရေလွှမ်းမိုးမှုဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ထူးကဲမိုးရေချိန်ဖြင့် မိုးရွာသွန်းချိန်ကာလများတွင် ရေကြီးရေလျှံမှုဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ပါသဖြင့် ဇော်ဂျီမြစ်ကြောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လိုအပ်သည့်နေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ မြစ်ကြောင်းချဲ့ထွင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး တွက်ချက်မှုများအရ အလျား ၁၉ မိုင်ခန့်၊ မြေကြီးကျင်း ၁၄ သိန်း ကျော်ခန့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက မိုးရွာသွန်းမှုများပြားနိုင်သည့်ကာလများတွင် မြစ်ဘေးဝဲ/ယာ ရှိ ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များ၊ စိုက်ပျိုးမြေများတွင် **စာမျက်နှာ ၇ သို့**



✣ **စာမျက်နှာ ၆ မှ**

ဇော်ဂျီမြစ်ရေလျှံမှုကြောင့် ဖြစ်ပေါ်မည့်ရေကြီး နစ်မြုပ်မှုအန္တရာယ်အား လျော့နည်းသက်သာစေမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ များပြားခြင်းကြောင့် ဦးစားပေးအစီအစဉ်အရ အပိုင်း လိုက်လျာထားပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထံမှ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်၏ **ဝေါမြို့နယ် အတွင်းရှိ မိုးယွန်းကြီးရေလှောင်ကန်အား ပုကိုင်တာ နှင့်ထိစပ်နေသော မိုးယွန်းကြီး – ဇွဲဘက်တာ ၁၆/၅ မိုင် လှိုင်းကာကျောက်ကြီးစီခြင်းလုပ်ငန်း ၁ ဒသမ ၇ မိုင် ဆောင်ရွက်ပြီးစီးပြီး ကျန် ၁၄/၈ မိုင်အား ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ် ကျော်က မိုးယွန်းကြီး–ဇွဲဘက်တာသည် မိုးယွန်းကြီး ရေလှောင်ကန်၏ ကန်ပတ်တာတစ်ခုဖြစ်ပြီး အလျား ၁၆ ဒသမ ၅ မိုင်ရှိပါကြောင်း၊ မိုးယွန်းကြီးရေလှောင် ကန်ကို ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ရေဆင်းဧရိယာ ၆၀ စတုရန်းမိုင်ရှိပါကြောင်း၊ ၂၀၂၃ ခုနှစ် ပဲခူးခရိုင်တွင် ၆–၁၀–၂၀၂၃ ရက်မှ ၈–၁၀–၂၀၂၃ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးယွန်းကြီးရေလှောင်ကန်အတွင်းသို့ စီးဝင်သော ချောင်းများမှတစ်ဆင့် မိုးယွန်းကြီးကန်အတွင်း ရေဝင်ရောက်မှုများပြားခဲ့ပြီး လှိုင်းပုတ်ခတ်မှုဒဏ်တို့ ကြောင့် မိုးယွန်းကြီး–ဇွဲဘက်တာ၏ တာမိုင် ၇ မိုင်မှ တာမိုင် ၇ မိုင် ၄ ဖာလုံအတွင်း၊ တာမိုင် ၈ မိုင် ၂ ဖာလုံမှ တာမိုင် ၁၂ မိုင်အတွင်းနှင့် တာမိုင် ၁၃ မိုင် မှ တာမိုင် ၁၅ မိုင်အတွင်းရှိ တာပေါင်များ ပွဲ့ကျပျက်စီး မှုများဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း များကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အရေးပေါ်ရန်ပုံငွေ(ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက် ထားရှိပြီးဖြစ်သဖြင့် လတ်တလောစိုးရိမ်ရသည့် အခြေအနေတွင် မရှိပါကြောင်း။

မိုးယွန်းကြီး–ဇွဲဘက်တာ၏ တာပေါင်အားနည်း သည့်အပိုင်းများကိုသာ ဦးစားပေး၍ လှိုင်းကာ ကျောက်ကြီးစီခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်း ကြောင့် ယခုလက်ရှိအခြေအနေမှာ အလျားပေ ၉၀၀၀ ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ(ငွေလုံးငွေရင်း) ဖြင့် မိုးယွန်းကြီး– ဇွဲဘက်တာ တာမိုင် ၁၅ မိုင် ၇ ဖာလုံမှ တာမိုင် ၁၆ မိုင် ၄ ဖာလုံအတွင်း၊ အလျား ပေ ၇၅၀ ခန့်အား လှိုင်းကာကျောက်ကြီးစီခြင်းနှင့် တာမိုင် ၄ မိုင်မှ တာမိုင် ၇ မိုင်အတွင်း တာပုံစံကျပြုပြင် ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထပ်မံ၍ မိုးယွန်းကြီးကန် ရေရှည်တည်တံ့ခိုင်မြဲမှု ရှိစေရန်အတွက် ရေလှိုင်းကာကျောက်ကြီးစီရန် လိုအပ်သောအပိုင်းများ အလျား ၅ ဒသမ ၃၅ မိုင်ကို ဆောင်ရွက်သွားရန် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ လှိုင်းဒဏ် ခံစားရသည့်အပိုင်းများကို ဦးစားပေး အခိုင်အမာ ကျောက်ကြီးစီခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ (သို့မဟုတ်) အခြားသင့်လျော်ရာရန်ပုံငွေမှာ တင်ပြ ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်ကာ ဦးစားပေး အစီအစဉ်လိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုးမိုးဇော်၏ **သဲကုန်းမြို့နယ်၌ ချောင်းမြောင်းတူးဖော်ရာတွင် အခက်အခဲများ ကြုံတွေ့ရပါသဖြင့် ရန်ပုံငွေ လုံလောက်စွာ ချမှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် က အင်းမအင်းသည် သဲကုန်းမြို့နယ်၏ အနောက် တောင်ဘက် ၂ ဒသမ ၅ မိုင်အကွာတွင် တည်ရှိပြီး အင်းမအင်းအတွင်း ဂရန်အင်း ၂၇ အင်းရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေဖြင့် အင်းမအင်းအတွင်း အဓိကစီးဝင်သည့် အရှေ့ဘက်ပင်မရေလမ်းကြောင်း အလျား ၄ ဒသမ ၇၉ မိုင်၊ အကျယ် ၇၅ ပေနှင့် အနောက်ဘက်ပင်မ ရေလမ်းကြောင်း အလျား ၂ ဒသမ ၆၄ မိုင်၊ အကျယ် ၇၅ ပေ ရေလမ်းကြောင်းနှစ်ခုအား တာဝန်ယူ ထိန်းသိမ်းလျက်ရှိပါကြောင်း။

ဌာနအနေဖြင့် အင်းမအင်းပင်မရေလမ်းကြောင်း များ ရေစီးရေလာကောင်းမွန်စေရန်နှင့် စိုက်ပျိုးမြေ များ ရေကြီးနစ်မြုပ်မှုလျော့နည်းစေရန်အတွက် မြေတူးစက် (Back Hoe On Pontoon)ဖြင့် ရေလမ်း ကြောင်းတူးဖော်ရှင်းလင်းခြင်း၊ အင်းနှင့်ဆက်စပ် လျက်ရှိသော ချောင်းဝများအတွင်းရှိ ဗေဒါဒိုက်ပင် များရှင်းလင်းခြင်းလုပ်ငန်းများကို ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာနှစ်တွင် အရှေ့ဘက်ပင်မရေလမ်းကြောင်း အလျား ၁ ဒသမ ၁ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်း ကို ဆောင်ရွက်ပေးခဲ့ပြီး ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် အရှေ့ဘက်ပင်မရေလမ်းကြောင်း ၁ ဒသမ ၆၀ မိုင် တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသောလုပ်ငန်း များကိုလည်း ၂၀၂၇ – ၂၀၂၈ ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင်ထည့်သွင်း တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

သဲကုန်းမြို့နယ်အတွင်း မြစ်မခမြစ်မှာ အလျား ၇ ဒသမ ၂၀ မိုင် ရှည်လျားပြီး ယခုအခါ ၎င်းမြစ် ကွေ့များတွင် ပြန်လည်သောင်ထွန်းလာပါသဖြင့် မြစ်မခမြစ် မြစ်ကြောင်းဖြောင့်ခြင်းလုပ်ငန်းကို ၂၀၂၇ – ၂၀၂၈ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံကာ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

၂၀၂၅–၂၀၂၆ ခုနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးလူးချောင်းနှင့် သဲဖြူချောင်းတူးဖော် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခု ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ကင်းဒက်ချောင်း၊ ဈေးချောင်း၊ သိုက်တောမချောင်း၊ သဲကုန်းကြီးချောင်း နှင့် ရေဆိုးထုတ်ချောင်းတို့အား တူးဖော်ပေါင်ဆင့်ခြင်း နှင့် လိုအပ်သောနေရာများတွင် တုတ်တန်းရိုက်ကာရံ ခြင်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း။

သို့ဖြစ်ပါ၍ သဲကုန်းမြို့နယ်အတွင်းရှိ စပါးစိုက်ပျိုး ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ရေကြီး ရေလျှံမှုများကြောင့် လယ်ဧကများစွာ ပျက်စီးဆုံးရှုံးမှု များ မဖြစ်ပေါ်စေရေးအတွက် အင်းမအင်းရေဝင် ချောင်းများ တူးဖော်ပေါင်ဆင့်ခြင်း၊ အထွက်ရေလမ်း ကြောင်းရှင်းလင်းခြင်း၊ လိုအပ်သည့်နေရာများတွင် တုတ်တန်းရိုက်ကာရံခြင်းလုပ်ငန်းများနှင့် ရေစီး ထွက်မှုကောင်းစေရန်အတွက် မြစ်မခမြစ် မြစ်ကြောင်း ဖြောင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၇– ၂၀၂၈ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေ သို့မဟုတ် သင့်လျော်ရာရန်ပုံငွေတွင် ဦးစားပေး အစီအစဉ်ဖြင့် ရန်ပုံငွေပိုမိုရရှိရေး လျာထားတင်ပြသွား မည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး၏ **နမ့်စန်မြို့နယ် ဟိုင်းနားကြီးကျေးရွာအုပ်စု နားရိုင်း လမ်းမကြီးရှိ ၃၃ ကေဗွီဓာတ်အားလိုင်းမှ နောင်ခမ်း– နောင်ခါး–နမ့်စမ်(နမ့်ဟူးမိုင်)– နောင်ဒေးကျေးရွာတို့ အထိ ၃၃ ကေဗွီဓာတ်အားလိုင်း ခုနစ်မိုင်နှင့် ၃၃/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာ လေးလုံး တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန် မြို့နယ် ဟိုင်းနားကြီးကျေးရွာအုပ်စု နောင်ခမ်း ကျေးရွာ၊ နောင်ခါးကျေးရွာ၊ နမ့်စမ်(နမ့်ဟူးမိုင်)နှင့် နောင်ဒေးကျေးရွာတို့ ဓာတ်အားရရှိရေးအတွက် နမ့်စန်–နားရိုင်း ၃၃ ကေဗွီ ဓာတ်အားလိုင်းမှ ၃၃/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာဖြင့် ဓာတ်အားရရှိပြီး ဖြစ်သည့် နောင်ခမ်းကျေးရွာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၇၉၆ ဒသမ ၀၀၀ သန်း၊ နောင်ခါးကျေးရွာ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျ စရိတ် ငွေကျပ် ၅၈၅ ဒသမ ၇၀၀ သန်း၊ နမ့်စမ် (နမ့်ဟူးမိုင်)ကျေးရွာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျ စရိတ် ငွေကျပ် ၈၈၁ ဒသမ ၁၀၀ သန်းနှင့် နောင်ဒေး ကျေးရွာ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျစရိတ် ငွေကျပ် ၅၆၅ ဒသမ ၆၅၀ သန်း ကုန်ကျမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထား ပေးမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ် ငှက်ပျောတော၊ မဲဇလီကွင်းပေါက်၊ ဆင်လမ်းနှင့် သပြေကုန်းကျေးရွာအုပ်စုများတွင် လျှပ်စစ်မီးရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ၊ မရှိပါက ဆိုလာမီးကဲ့သို့ရရှိနိုင်ရေးအတွက် ဘဏ္ဍာရေး နှစ်များတွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု၊ မဲဇလီကွင်းပေါက်ကျေးရွာအုပ်စု၊ ဆင်လမ်းကျေးရွာ အုပ်စုနှင့် သပြေကုန်းကျေးရွာအုပ်စုတို့ လျှပ်စစ်မီး ရရှိနိုင်ရေးအတွက် လက်ရှိဓာတ်အားဖြန့်ဖြူးပေး လျက်ရှိသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘဲဂရက် ဓာတ်အားခွဲရုံ၏ ၁၁ ကေဗွီ ဒါးကဖီဒါမှ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၅၈၂၀ ပေ ၂ ဒသမ ၉၉၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်း များအတွက် ခန့်မှန်းကုန်ကျငွေ စုစုပေါင်းငွေကျပ် ၈၄၅ ဒသမ ၃၇၅ သန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေး နှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံး ငွေရင်းအသုံးစရိတ်တွင် ထည့်သွင်းလျာထားပေးမည် ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကျေးရွာတွင်း ၄၀၀ ဗို့လိုင်း တည်ဆောက်ခြင်းလုပ်ငန်း များအား သက်ဆိုင်ရာကျေးရွာများမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးရားနီ၏ **ပူတာအိုမြို့တွင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကတ္တရာလမ်းဘေး ဝဲ/ယာ၌တပ်ဆင်ရန် ဆိုလာမီးသီး ၃၅၀ နှင့် ဆက်စပ် ပစ္စည်းများရရှိနိုင်ရေး လမ်းညွှန်မှာကြားချက်အား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပူတာအို မြို့နယ် မူလာရှီးဒီရပ်ကွက်မှ ဟိုခိုရပ်ကွက်အထိ အရှည် ၈ ဒသမ ၇မိုင်ရှိသော ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် မူလရှိပြီးဓာတ်တိုင်များအပေါ်တွင် ဆိုလာမီးလုံး ၃၀၃ လုံးအား တပ်ဆင်ရမည်ဖြစ်ပြီး ဓာတ်တိုင်မရှိသောနေရာများတွင် လမ်းမီးတိုင်နှင့် ဆိုလာမီးလုံးတွဲလျက် ၄၇ စုံအား တပ်ဆင်ရမည် ဖြစ်ပါကြောင်း၊ ဆိုလာမီးလုံး ၃၅၀ နှင့် Street Light Single Arm Pole ၄၇ တိုင် တပ်ဆင်ခြင်းလုပ်ငန်း အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၄၆ ဒသမ ၃၅၀ သန်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ဖြည့်စွက်ရန်ပုံငွေ (RE) သို့မဟုတ် အထွေထွေပိုလျှံရန်ပုံငွေ(GRF)တွင် ထည့်သွင်း လျာထားသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှု အခြေအနေပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်ငွေး၏ **ချမ်းအေးသာစံမြို့နယ် ကဥ္စနမဟီရပ်ကွက် ၇၆လမ်း၊ ၃၀ x ၃၅ လမ်းတစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေး၊ ၇၇ လမ်း၊ ၂၆ x ၃၅ လမ်းတစ်လျှောက်တွင် ထပ်ပိုး လမ်းခင်းပြုပြင်ရန်နှင့် မီးလင်းရေးတို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က မန္တလေး တိုင်းဒေသကြီး စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ မဟာအောင်မြေခရိုင် ချမ်းအေးသာစံ မြို့နယ် ကဥ္စနမဟီရပ်ကွက် ၇၆လမ်း၊ ၃၀ x ၃၅ လမ်း တစ်လျှောက်တွင် လျှပ်စစ်မီးလင်းရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ကွင်းဆင်းစစ်ဆေးခဲ့ရာ လမ်းမီးတိုင်ပေါင်း ၃၁ တိုင်၊ မီးလုံး ၃၁ လုံးရှိရာ အခန်း ၂၂ ခန်း၊ မီးကြိုးအရှည် ၁၃၄၁ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker၊ Timer နှင့် Relay များ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိ ရပြီး အလားတူ ၇၇ လမ်း၊ ၂၆ x ၃၅ လမ်းတစ်လျှောက် တွင်လည်း လမ်းမီးတိုင်ပေါင်း ၄၇ တိုင်၊ မီးလုံး ၄၇ လုံး ရှိရာ အခန်း ၃၉ ခန်း၊ မီးကြိုးအရှည် ၂၃၇၈ မီတာ၊ လမ်းမီးပုံးအတွင်းရှိ Breaker ၊ Timer နှင့် Relay များပျောက်ဆုံးနေကြောင်းစစ်ဆေးတွေ့ရှိရပါကြောင်း။

အဆိုပါလမ်းမီးများအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ဦးစားပေးပြုပြင်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းနှင့် ၇၇ လမ်း၊ ၃၃ နှင့် ၃၅ လမ်းအပိုင်းမှာ နိုင်လွန်ကတ္တရာလမ်းဖြစ်ပြီး လမ်းသား ကောင်းမွန်မှုရှိ၍ ၂၆ နှင့် ၃၃ လမ်းအပိုင်းမှာ ရိုးရိုး ကတ္တရာလမ်းဖြစ်ကာ အချို့နေရာများတွင် အပေါ်ယံ ကတ္တရာအလွှာများ ပျက်စီးနေခြင်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါ ကြောင်း ပြန်လည်ဖြေကြားသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ **ကျွဲပွဲမြို့မှ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ လျှပ်စစ်ဓာတ်အား ခွဲရုံအား ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေအဖြစ်သို့ အဆင့်မြှင့်တင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က ပဲခူးတိုင်းဒေသကြီး(အရှေ့) အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ရှိ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေဓာတ်အားခွဲရုံမှ ကျွဲပွဲမြို့ပေါ်ရပ်ကွက် ငါးရပ်ကွက်နှင့် ကျေးရွာပေါင်း ၆၆ ရွာရှိ အိမ်ထောင်စု ပေါင်း ၇၇၆၀ တို့အား ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိ ရာ အမြင့်ဆုံးသုံးစွဲဝန်အားမှာ ၃ ဒသမ ၂ မဂ္ဂါဝပ် (တပ်ဆင်အင်အား၏ ၈၀ ရာခိုင်နှုန်းခန့်) သုံးစွဲလျက် ရှိပြီး ကျေးရွာပေါင်း ၂၉ ရွာအား ထပ်မံဓာတ်အား ဖြန့်ဖြူးပေးရန် ကျန်ရှိနေသေးပါကြောင်း။

သို့ဖြစ်ပါ၍ ကျွဲပွဲမြို့ပေါ်ရပ်ကွက်များ၊ မီးလင်းပြီး ဖြစ်သော ကျေးရွာများနှင့် မီးလင်းရန်ကျန်ရှိသော ကျေးရွာ ၂၉ ရွာတို့အား တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေး နိုင်ရန်အတွက် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အား ခွဲရုံမှ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ အဆင့်မြှင့်တင် ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၇၄၂ ဒသမ ၄၇ သန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် ထည့်သွင်းလျာထား သွားမည်ဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ဇူလိုင် ၃ ရက် တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံသို့ အိတ်ဖွင့်ပေးစာ(၁)

**မင်းခန့်**

**လေးစားအပ်ပါသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ခင်ဗျား**


အဆွေတော်ထံသို့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုမှ သာမန်ပြည်သူတစ်ဦးအနေနဲ့ ဒီအိတ်ဖွင့်ပေးစာကို ရေးသားပေးပို့လိုက်ပါတယ်။ သာမန်ပြည်သူတစ်ဦးအနေနဲ့ ကိုယ့်နိုင်ငံအပေါ် တရားမျှတမှုမရှိစွာ ဖိနှိပ်ခံနေရတာကို မခံချင်လို့ ဒီစာကို ရေးရခြင်းဖြစ်လို့ စကားလုံးအသုံးအနှုန်းတွေမှာ သံတမန်မဆန်ဘဲ ပုဂ္ဂိုလ်ရေးခံစားချက်များပါနိုင်ကြောင်း ကြိုတင်မေတ္တာရပ်ခံလိုပါတယ်။

အဆွေတော်ကို တင်ပြလိုတဲ့အကြောင်းအရာကတော့ ကျွန်တော်တို့နိုင်ငံအတွက် အဆွေတော် ခန့်အပ်ထားတဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် မစ္စဂျူလီဘစ်ရှော့ပ် (Ms. Julie Bishop) ရဲ့ မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မျှတမှုမရှိဘဲ တစ်ဖက်သတ်ဆန်ဆန် အဆိုးမြင်(Narrative) ပြောကြားချက်များကို တုံ့ပြန်တင်ပြသွားမှာဖြစ်ပါတယ်။

မစ္စဂျူလီဘစ်ရှော့ပ်ဟာ အဆွေတော်ခန့်အပ်ခဲ့တဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် တာဝန်စယူချိန်ကစပြီး ယနေ့အချိန်အထိ မြန်မာနိုင်ငံအစိုးရအဆက်ဆက်နဲ့ မြန်မာပြည်သူလူထုအပေါ် သဘောထားမမှန်ဘဲ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းမှု မရှိစေရေးအတွက် အစိုးရဆန့်ကျင်ရေး အုပ်စုတွေရဲ့ လှုံ့ဆော်မှုတွေကိုပဲ တစိုက်မတ်မတ်ပြောဆိုနေတာကို ကြားသိနေရပါတယ်။ အထူးသဖြင့် ၂၀၂၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့က နယူးယောက်မြို့မှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံ အလွတ်သဘောအစည်းအဝေးမှာ မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေဟာ လက်ရှိမြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု ပကတိအရှိတရားနဲ့ ကင်းကွာပြီး အနုတ်သဘောဆောင်တဲ့ ပုံရိပ်တွေကိုသာ အထူးပြု ပြောကြားသွားတာ စိတ်မကောင်းစရာ ကြားသိရပါတယ်။ သူပြောကြားတဲ့ အကြောင်းအရာတွေဟာ မှန်ကန်မှုမရှိလို့ ပြည်သူအများစုက သူ့ရဲ့လုပ်ဆောင်ချက်တွေကို အထင်အမြင်သေးလျက်ရှိပါတယ်။

အမှန်စင်စစ် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရာထူးဟာ သံတမန်ရေးဆိုင်ရာ တာဝန်ဖြစ်ပြီး မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးဆိုင်ရာ သဘောထားကွဲလွဲမှုတွေ၊ လုံခြုံရေးဆိုင်ရာ ပဋိပက္ခတွေနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေအတွက် သက်ဆိုင်ရာ Stakeholders တွေအကြား ဘက်မလိုက်မှု၊ ကြားနေမှုနဲ့ သံတမန်ဆန်ဆန် စေ့စပ်ညှိနှိုင်းအဖြေရှာပေါင်းစပ်ပေးရမယ်လို့ နားလည်ယုံကြည်ပါတယ်။

လက်ရှိမြန်မာအစိုးရအနေနဲ့လည်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ လုပ်ငန်းတာဝန်အရ အပြုသဘောဆောင်ပြီး ပွင့်လင်းမြင်သာတဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေကို အမြဲတမ်းလက်ကမ်းကြိုဆိုပြီး ပူးပေါင်းဆောင်ရွက်နေတာ ကျွန်တော်တို့လို သာမန်ပြည်သူတွေ မြင်တွေ့ကြားသိနေရပါတယ်။




မစ္စဂျူလီဘစ်ရှော့ပ် မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ ခရီးစဉ်တိုင်းမှာ အစိုးရအနေနဲ့ ကုလသမဂ္ဂနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပြသလိုတဲ့အတွက် စိတ်အားတက်ကြွစွာနဲ့ အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးခဲ့သလို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သုံးကြိမ်တိတိ တွေ့ဆုံခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကလည်း ရင်းနှီးပွင့်လင်းစွာ မြန်မာနိုင်ငံရဲ့ ဘက်စုံဖြစ်ပေါ်တိုးတက်မှုများကို အထောက်အထားအချက်အလက်တွေနဲ့ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါတယ်။

**ပြည်သူတွေရဲ့ လိုလားချက်နဲ့ လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံအတွက် ကောင်းကျိုးမပေးတဲ့ သံတမန်တစ်ဦး (Unpleasant Diplomat)အဖြစ်သာ မြင်တွေ့ခံစားနေရပါတယ်။**

ဒီအချက်ကို ပိုမိုထင်ရှားစေတာကတော့ ဇွန်လ ၁၉ ရက်နေ့က အလွတ်သဘော အစည်းအဝေးမှာ သူ့ရဲ့တစ်ဖက်သတ် အဆိုးမြင်သဘောထားနဲ့ ခိုင်မာမှုမရှိတဲ့ အချက်အလက်တွေအပေါ် အခြေခံပြီး အထူးကိုယ်စားလှယ်အဖြစ် သံတမန်မပီသစွာ တည်ဆဲအစိုးရကို ဝေဖန်ပုတ်ခတ်စွပ်စွဲပြောဆိုမှုတွေ ဖြစ်ပါတယ်။

> **ဒီနေရာမှာ ရှင်းရှင်းလင်းလင်း အသိပေးလိုတဲ့ သတင်းစကားကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမားဖြစ်ပေမယ့် သူပြစ်ဒဏ်ကျခံနေရခြင်းဟာ နိုင်ငံရေးလုပ်လို့မဟုတ်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။ ငြင်းလို့မရတဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု၊ လက်ပူးလက်ကြပ်ဖော်ထုတ်ရရှိတဲ့ အဂတိလိုက်စားမှုနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး မှားယွင်းတဲ့စီမံခန့်ခွဲမှုတွေကြောင့် တည်ဆဲဥပဒေနဲ့အညီ တရားရင်ဆိုင်ခဲ့ပြီး တရားရုံးရဲ့ ဆုံးဖြတ်ချက်အရ ပြစ်ဒဏ်ကျခံနေရခြင်းသာဖြစ်ပါတယ်**

နိုင်ငံတော်အကြီးအကဲနဲ့ မစ္စဂျူလီဘစ်ရှော့ပ်တို့ တွေ့ဆုံတဲ့သတင်းတွေ မြင်တွေ့ကြားသိရတိုင်း ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ကျွန်တော့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကုလသမဂ္ဂ ရဲ့ ကူညီ ဆောင်ရွက်ပေးနေမှုတွေကို ကျေးဇူးတင်ရှိပြီး စိတ်အားတက်ကြွနေကြပါတယ်။

**ဒါပေမဲ့ မြန်မာနိုင်ငံကနေ ပြန်သွားပြီးတိုင်း မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ ပြောကြားချက်တွေ၊ ထုတ်ပြန်ချက်တွေ၊ လုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အပြုသဘော မဆောင်ဘဲ အမြဲတမ်း အဆိုးမြင်သဘောနဲ့ ပိုမိုရှုပ်ထွေးပြီး ပြဿနာပိုကြီးထွားရန် လှုံ့ဆော်မှုတွေသာဖြစ်နေတာကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်။**

**အဆွေတော် အတွင်းရေးမှူးချုပ်ကြီးအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဘာတာဝန်တွေ ပေးထားသလဲ တိတိကျကျမသိရှိပေမယ့် သူ့ရဲ့ လုပ်ဆောင်ချက်တွေ၊ ပြောဆိုချက်တွေဟာ မြန်မာ**

မြန်မာနိုင်ငံကို ရောက်ရှိစဉ် နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရဲ့ ကျိုးကြောင်းဆီလျော်စွာ ရှင်းလင်းပြောကြားချက်တွေကို လုံးဝလျစ်လျူရှုခဲ့ပြီး လက်ရှိတည်ဆဲအစိုးရကို ဆန့်ကျင်နေတဲ့ နိုင်ငံတချို့နဲ့ လူပုဂ္ဂိုလ်တွေရဲ့ အခြေအမြစ်မရှိ လူမှုကွန်ရက်ပေါ်မှ သတင်းအမှားတွေကို ကောက်ချက်ဆွဲပြီး လက်ရှိရွေးကောက်ခံအစိုးရကို နိုင်ငံရေးအရ ဖိအားပေးလိုတဲ့ သဘောနဲ့ တစ်ဖက်သတ်ပြောဆိုချက်တွေသာ ဖြစ်ပါတယ်။

သူ့ရဲ့သံတမန်မဆန်တဲ့ ပြောကြားချက်တွေဟာ မြန်မာအစိုးရက ကုလသမဂ္ဂကို ပံ့ပိုးပူးပေါင်းဆောင်ရွက်နေမှုတွေအပေါ် မျက်ကွယ်ပြုပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းထက် ပဋိပက္ခအခြေအနေတွေ ပိုမိုရှုပ်ထွေးနိုင်သလို မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို များစွာထိခိုက်နေစေပါတယ်။ သူ့ရဲ့တစ်ဖက်သတ် ပြောဆိုချက်တွေကို ကြားသိရတဲ့ မြန်မာပြည်သူတွေအနေနဲ့လည်း စိတ်နှလုံးညှိုးနွမ်းပြီး သူ့ရဲ့လုပ်ဆောင်ချက်တွေကို အယုံအကြည်ကင်းမဲ့စေပါတယ်။

သူ့ရဲ့ ပြောကြားချက်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ပြတ်သားစွာ ငြင်းပယ်လိုက်ပြီး ပယ်ချထားကြောင်း သိရှိရပါတယ်။ ဒီလိုငြင်းပယ်ရတဲ့ အကြောင်းရင်းကို ထပ်မံရှင်းပြရရင် **ခွဲခြားမှုမရှိဘဲ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နေကြောင်း စွပ်စွဲချက်တွေဟာ** မြေပြင်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေကို တိုက်ပွဲဝင်စည်းမျဉ်းများ (Rules of Engagement – ROE) နဲ့အညီ တိကျစွာလိုက်နာဆောင်ရွက်နေမှုအပေါ် အဟန့်အတားဖြစ်စေပါတယ်။ People Defence Forces (PDF) အမည်ခံ အကြမ်းဖက်သမားတွေနဲ့ အချို့သော EAO အဖွဲ့တွေရဲ့ ရက်စက်ကြမ်းကြုတ်မှု၊ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးနေမှုတွေကို မျက်ကွယ်ပြုပြီး အကြမ်းဖက်သမားတွေရဲ့ ဝါဒဖြန့်ချိမှုတွေကို ထပ်လောင်းဝါဒဖြန့်ပေးနေတဲ့ သဘော သက်ရောက်နေပါတယ်။

**ပဋိပက္ခနှင့် ဆက်နွယ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးအဖွဲ့များ၏ စွပ်စွဲချက်များနှင့် ပတ်သက်ပြီး** မြန်မာနိုင်ငံအစိုးရက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကာကွယ်တားဆီးရေးအတွက် နိုင်ငံတကာစံနှုန်းတွေကို လိုက်နာဖို့ ကတိကဝတ်ပြုထားပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ယဉ်ကျေးမှုမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံအားလုံးကို အစဉ်အလာအရ လက်မခံဘဲဆန့်ကျင်ပါတယ်။ ဒါ့အပြင် တပ်မတော်နဲ့ လုံခြုံရေးတပ်ဖွဲ့တွေဟာ လုံးဝခွင့်မလွှတ်တဲ့မူဝါဒ (Zero-tolerance policy)ကို ကျင့်သုံးပြီး ကျူးလွန်သူအားလုံးကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးလျက်ရှိနေပါတယ်။

ပြစ်မှုကျူးလွန်သူတွေကို အရေးယူနိုင်ဖို့ အမျိုးသားအဆင့် တိုင်ကြားမှုယန္တရားဖြစ်တဲ့ ၂၄ နာရီအကူအညီပေးရေးလိုင်း (Helpline – 1566) ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၅ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၇–၂၀၂၆ ခုနှစ်အတွင်း လက်နက်ကိုင်ပဋိပက္ခနဲ့ မသက်ဆိုင်တဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်ပေါင်း ၂၃၀၀ ကျော်ကို တိုင်ကြားစုံစမ်းစစ်ဆေးပြီး တရားစွဲဆို အရေးယူနိုင်ခဲ့ပါတယ်။

**နေရပ်စွန့်ခွာသူများနှင့် စားရေရိက္ခာမလုံလောက်မှုဆိုင်ရာ စွပ်စွဲချက်များဟာ မြေပြင်ပကတိ အရှိတရားနဲ့ များစွာကွဲလွဲနေပါတယ်။** ကုလသမဂ္ဂက ထုတ်ပြန်တဲ့ နေရပ်စွန့်ခွာသူ (IDP) စာရင်းဟာ ဖောင်းပွနေပြီး မြေပြင်အခြေအနေနဲ့ ကွဲလွဲနေပါတယ်။ မြန်မာနိုင်ငံရှိ နေရပ်စွန့်ခွာမှုတွေဟာ ယာယီသဘောသာဖြစ်ပြီး အခြေအနေပေးတာနဲ့ မိမိတို့အရပ်ဒေသသို့ ပြန်လည် အခြေချလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ စားရေရိက္ခာဖူလုံမှုကို ထိန်းသိမ်းထားနိုင်ပြီး စိုက်ပျိုးရေးကဏ္ဍကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးအောင် ဆောင်ရွက်နေတဲ့အတွက် စားရေရိက္ခာ မလုံလောက်မှု စွပ်စွဲချက်ဟာ အခြေအမြစ်မရှိဘူးဆိုတာ မြန်မာပြည်သူလူထုတစ်ရပ်လုံး သိရှိနားလည်ကြပါတယ်။

**သူ့ရဲ့စွပ်စွဲ ပြောဆိုချက်တွေထဲက အဆိုးရွားဆုံးပြောဆိုချက်ကတော့ မြန်မာနိုင်ငံကို "ဆိုက်ဘာရာဇဝတ်မှု၏ ကမ္ဘာလုံးဆိုင်ရာ ဗဟိုချက်" ဆိုပြီး ပြောဆိုခဲ့ခြင်းဖြစ်ပါတယ်။ မဆင်မခြင် ပရမ်းပတာ စွပ်စွဲပြောဆိုချက်အဖြစ် မြန်မာပြည်သူများက သတ်မှတ်ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုခင်းတွေကို ဘယ်သူတွေက ဦးစီးလုပ်ဆောင်နေသလဲ၊ ဘယ်လိုနေရာတွေမှာ အဓိကဖြစ်ပေါ်နေသလဲ၊ မြန်မာအစိုးရအနေနဲ့ ဘယ်လောက်ထိ အလေးထားပြီး ပြတ်ပြတ်သားသား၊ ထိထိရောက်ရောက် နှိမ်နင်းနေသလဲဆိုတာ နေ့စဉ်ထုတ်ပြန်နေတဲ့ သတင်းတွေအရ ရှင်းလင်းပြတ်သားစွာ မြင်တွေ့ရမှာဖြစ်ပါတယ်။**

ဆိုက်ဘာရာဇဝတ်မှုနဲ့ ဆက်နွယ်တဲ့ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုတွေ၊ မူးယစ်ဆေးနဲ့ လက်နက်မှောင်ခိုမှုတွေကိုလည်း မြန်မာနိုင်ငံအတွင်းမှာသာမက ဒေသတွင်းမရောက်ရှိစေရေး တာဝန်သိမှုနဲ့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို အရှိန်အဟုန်နဲ့ လုပ်ဆောင်နေကာ **မစ္စဂျူလီဘစ်ရှော့ပ် အလွယ်တကူမြင်တွေ့ကြားသိနိုင်ပါတယ်။** ဘယ်လိုရည်ရွယ်ချက်နဲ့ ပုံကြီးချဲ့ပြီး နိုင်ငံတကာမှာဖြစ်ပေါ်နေတဲ့ ဆိုက်ဘာရာဇဝတ်မှုတွေကို မြန်မာနိုင်ငံမှာ ဗဟိုချက်ဆိုပြီး စွပ်စွဲပြောဆိုမှုကို နားမလည်နိုင်အောင် ဖြစ်နေရပါတယ်။ ဒီပြဿနာကို ဘယ်လိုပူးပေါင်းဖြေရှင်းသင့်ကြောင်း အဖြေမထုတ်ပေးဘဲ အွန်လိုင်းလိမ်လည်မှုလုပ်ဆောင်နေတဲ့ ရာဇဝတ်သားတွေရဲ့ ကြားခံနယ်မြေ (Proxy)အဖြစ် အသုံးချခံနေရတဲ့ မြန်မာနိုင်ငံကို အပြစ်ပုံချနေတာကတော့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ရဲ့ မရိုးသားမှုလို့ ဆိုရပါလိမ့်မယ်။

နောက်တစ်ချက်ကတော့ ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့တဲ့အချက် ဖြစ်ပါတယ်။ **ဒီနေရာမှာ ရှင်းရှင်းလင်းလင်း အသိပေးလိုတဲ့ သတင်းစကားကတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ နိုင်ငံရေးသမား ဖြစ်ပေမယ့် သူပြစ်ဒဏ်ကျခံနေရခြင်းဟာ နိုင်ငံရေးလုပ်လို့ မဟုတ်ဘူးဆိုတဲ့ အချက်ဖြစ်ပါတယ်။**

စာမျက်နှာ ၉ သို့ ☆

## ပြည်ထောင်စုဝန်ကြီးဦးတင်မောင်ဆွေ အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန အမှုဆောင်ဒါရိုက်တာနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် အာဆီယံသဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာ ထောက်ထားမှုအကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management– AHA Centre)၊ အမှုဆောင်ဒါရိုက်တာ မစ္စတာလီယန်မင်းနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်နိုင်ရေး AHA Centre ၏ ကြိုးပမ်းဆောင်ရွက်ချက်များအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး အမှန်တကယ်အကူအညီ လိုအပ်နေသည့် မြန်မာပြည်သူများထံ အကူအညီများ ထိရောက်လျင်မြန်စွာ ရောက်ရှိရေးအတွက် မြန်မာ နိုင်ငံအစိုးရနှင့် နီးကပ်စွာဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လူသားချင်း စာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် မြန်မာနိုင်ငံ၏ ဦးစားပေးလိုအပ်ချက်နှင့် ကိုက်ညီမှု ရှိစေရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးမှု နှင့် AHA Centre နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို အကြံပြုခဲ့ပြီး AHA Centre ၏ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ အနေဖြင့် ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားသည်။

မစ္စတာလီယန်မင်းက AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးလုပ်ငန်းစဉ်များ အကောင် အထည်ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံအစိုးရ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး AHA Centre က ရှေ့ဆက်ဆောင်ရွက်မည့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးအပ်ရေးအစီအစဉ်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တပ်ကုန်းမြို့နယ်အတွင်းရှိ ဝါစိုက်သမဝါယမအသင်းသား တောင်သူများနှင့်တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက တပ်ကုန်း မြို့နယ် ဒဟတ်ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ မြောက်မြို့ကျ(အရှေ့)၊ ဒဟတ် ကုန်း၊ အလယ်ကျွန်းကျေးရွာတို့မှ မိုးဝါစိုက်သမဝါယမအသင်းသား တောင်သူများနှင့် တွေ့ဆုံ ဆွေးနွေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးကာ မိုးဝါစိုက်တောင်သူများအတွက် မျိုးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒဟတ်ကုန်းကျေးရွာ တွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ “လှ” ချည်မျှင်ထုတ်လုပ်ရေး သမဝါယမ အသင်းလီမိတက်၏ ဝါကြိတ် စက်နှင့် စက်ရက်ကန်းစက်ရုံ၌ သမဝါယမအသင်းသား ဝါစိုက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး ပြီး ဝါကြိတ်စက်နှင့် စက်ရက်ကန်း စက်ရုံ လည်ပတ်ဆောင်ရွက်နေမှု ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူ ဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက် ရောက် အမှာစကားပြောကြားပြီး ဦးဆောင်ကော်မတီဝင် ဒုတိယ ဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန် ရှိသူများ၏ ဆွေးနွေးတင်ပြမှု အပေါ် လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၈ မှ

**ငြင်းလို့မရတဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကို ရည်ရွယ် ချက်ရှိရှိ လုပ်ဆောင်ခဲ့မှု၊ လက်ပူး လက်ကြပ်ဖော်ထုတ်ရရှိတဲ့ အဂတိ လိုက်စားမှုနဲ့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး မှားယွင်းတဲ့ စီမံခန့်ခွဲမှုတွေ ကြောင့် တည်ဆဲဥပဒေနဲ့အညီ တရား ရင်ဆိုင်ခဲ့ပြီး တရားရုံးရဲ့ ဆုံးဖြတ်ချက် အရ ပြစ်ဒဏ်ကျခံနေရခြင်းသာဖြစ်ပါ တယ်။** ဥပဒေရဲ့အထက်မှာ ဘယ်သူမှ မရှိစေရဆိုတဲ့ ဥပဒေရဲ့ စီရင်ချက်အတိုင်း ပြစ်ဒဏ်ကျခံနေရတဲ့သူ တရားခံတစ်ဦး ပဲဖြစ်ပါတယ်။ အသက်အရွယ်ကို စာနာ ထောက်ထားပြီး နိုင်ငံတော်ရဲ့ စေတနာ၊ မေတ္တာအရ အတတ်နိုင်ဆုံး လိုက်လျော ပြီး သူကျခံနေရတဲ့ ထောင်ဒဏ်ကိုနေအိမ် အကျယ်ချုပ်ပြောင်းလဲပေးပြီး လုံလောက် တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ စီစဉ် ပေးထားခြင်း ဖြစ်ပါတယ်။

ဒါကြောင့် မစ္စဂျူလီဘစ်ရှော့ပ်ရဲ့ စွပ်စွဲပြောကြားချက်တွေဟာ အချက် အလက်တွေအရ လွဲမှားခြင်း၊ ပကတိ မြေပြင်အခြေအနေအမှန်တွေနဲ့ ကင်းကွာ ခြင်း၊ အဆိုးမြင်သဘောနဲ့ အနုတ်သဘော ဆောင် ပြောကြားခြင်းတွေသာဖြစ် ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်း ရေးမှူးချုပ်ကြီး သိရှိနိုင်ဖို့ ရှင်းလင်း တင်ပြခြင်း ဖြစ်ပါတယ်။

သူ့ရဲ့ပုဂ္ဂိုလ်ရေးဆိုင်ရာ အကျင့် စရိုက်နဲ့ ပတ်သက်ပြီး ကြားသိရတဲ့ သတင်းတွေအရ မစ္စဂျူလီဘစ်ရှော့ပ် ဟာ လုပ်ဖော်ကိုင်ဖက်တွေအပေါ် အနိုင်ကျင့်စော်ကားခဲ့တဲ့ သမိုင်းကြောင်း ရှိကြောင်းနဲ့ ဂျူလီဘစ်ရှော့ပ် ဩစတြေး လျ အမျိုးသားတက္ကသိုလ် (Australia National University–ANU) မှာ တာဝန် ထမ်းဆောင်စဉ်က သူနဲ့ သူ့ရဲ့ အဖွဲ့သား တွေရဲ့ စိတ်ခံစားမှုပိုင်းဆိုင်ရာ ပြင်းထန်စွာ အနိုင်ကျင့်မှု (Bullying) ဒဏ်ကြောင့် ဒေါက်တာ လစ်ဇ်အယ်လန် (Dr. Liz Allen)က ရင်သွေးလေး ဆုံးရှုံးခဲ့ရတဲ့ အပြင် စိတ်ဒဏ်ရာတွေရရှိပြီး ကိုယ့် ကိုယ်ကိုယ် သတ်သေဖို့အထိ ဆိုးရွားစွာ ခံစားခဲ့ရကြောင်း၊ အဲဒီလို ပုဂ္ဂိုလ်တစ်ဦး ကို အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ် ခြင်းမှာ ကုလသမဂ္ဂရဲ့ မှားယွင်းသော ဆုံးဖြတ်ချက်ဖြစ်ကြောင်း ဝေဖန်မှုတွေ ထွက်ပေါ်နေတာကို ကြားသိရပါတယ်။

> **လူမှုရေးဆိုင်ရာအားနည်းချက်ရှိနေတဲ့ လူတစ်ယောက်ကို မြန်မာနိုင်ငံအတွက် အထူးကိုယ်စားလှယ် အဖြစ် ခန့်အပ်ထားခြင်းဟာ မြန်မာနိုင်ငံအတွက် အဆိုးဖြစ်စေနိုင်သလား၊ အကောင်းဘက်ကို ဦးတည်နိုင်သလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ ကိုယ်တိုင်က အနိုင်ကျင့်တတ်တဲ့စရိုက်ရှိသူ တစ်ဦးအနေနဲ့ မြန်မာ့ပဋိပက္ခတွေကို ဖြေရှင်းရာမှာ စိတ်ရင်းမှန်နဲ့ ဆောင်ရွက်နိုင်ပါ့မလားဆိုတဲ့ သံသယမှာ ခိုင်လုံတဲ့အချက်ဖြစ်**

လူမှုရေးဆိုင်ရာ အားနည်းချက်ရှိနေ တဲ့ လူတစ်ယောက်ကို မြန်မာနိုင်ငံ အတွက် အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်ထားခြင်းဟာ မြန်မာနိုင်ငံ အတွက် အဆိုးဖြစ်စေနိုင်သလား၊ အကောင်းဘက်ကို ဦးတည်နိုင်သလား ဆိုတာ စဉ်းစားစရာ ဖြစ်နေပါတယ်။ ကိုယ်တိုင်က အနိုင်ကျင့်တတ်တဲ့ စရိုက် ရှိသူတစ်ဦးအနေနဲ့ မြန်မာ့ပဋိပက္ခတွေကို ဖြေရှင်းရာမှာ စိတ်ရင်းမှန်နဲ့ ဆောင်ရွက် နိုင်ပါ့မလားဆိုတဲ့ သံသယမှာ ခိုင်လုံတဲ့ အချက် ဖြစ်ပါတယ်။

ဂျူလီဘစ်ရှော့ပ် လုပ်ဆောင်ချက် တွေဟာ မြန်မာ့အရေးကို အမှန်တကယ် ဖြေရှင်းပေးဖို့ထက် “စီးပွားရေးဆန်ဆန် ကစားကွက်များ” (Business–like tactics)အဖြစ် အသုံးချခံရမှာကို စိုးရိမ် ရပါတယ်။ သူက ပဋိပက္ခကို ပြေငြိမ်းစေ မယ့်အစား “သံတမန်ရေးရာ စကားလုံး အလှများ”(Diplomatic doublespeak) ကို အသုံးချကာ အမှန်တရားကို ဖုံးကွယ် ပြီး ပဋိပက္ခကို ပိုမိုဆိုးရွားလာစေမယ့် “မီးထိုးပေးခြင်း”မျိုးကို မလုပ်ဆောင်မိ စေဖို့ အသိပေးလိုပါတယ်။ အထူးသဖြင့် လူသားချင်း စာနာမှုထက် နိုင်ငံတကာက ရရှိလာမယ့် စီးပွားရေးအကျိုးအမြတ်နဲ့ ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုကိုသာ ဦးစားပေးပြီး မြန်မာပြည်သူတို့ရဲ့ တရား မျှတမှုကို မျက်ကွယ်မပြုမိစေရေး သတိ ပြုဖို့လည်း တိုက်တွန်းလိုပါတယ်။

ကုလသမဂ္ဂလို ကမ္ဘာ့အဖွဲ့အစည်း ကြီးတစ်ခုက ဒီလိုကိုယ်ကျင့်တရား ဆိုင်ရာ စွပ်စွဲချက်အထောက်အထားတွေ ရှိနေသူကို ဘာကြောင့် ရွေးချယ်ခဲ့ပါ သလဲ။ ကုလသမဂ္ဂရဲ့ စိစစ်မှုအားနည်းခြင်း လား၊ ဒါမှမဟုတ် သိလျက်နဲ့ “မျက်ကွယ် ပြုခြင်း” (Turning a blind eye) လား လို့ မေးခွန်းထုတ်စရာ ရှိလာပါတယ်။ သူ့ကို တာဝန်ပေးအပ်မှုဟာ အင်အားကြီး နိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအတွက် မြန်မာနိုင်ငံအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေ ဖို့နဲ့ ဖိအားပေးကျပ်တည်းစေဖို့ ရည်ရွယ် တဲ့ နိုင်ငံရေး ကစားကွက်တစ်ခုဖြစ်နေရင် ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာဟာ သမိုင်းမှာ အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိသွားမှာကို လည်း သတိပြုစေလိုပါတယ်။

ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ် တစ်ဦးမှာ ရှိသင့်တဲ့ အဓိက အရည်အချင်းဖြစ်တဲ့ သံတမန်ရေးရာ ကျွမ်းကျင်မှုအပြင် “ကိုယ်ကျင့်တရားနဲ့ စာနာနားလည်မှု”သာ ဖြစ်သင့်ပါတယ်။

**ကိုယ်တိုင်က အနိုင်ကျင့်မှုတွေ ပြုလုပ်ခဲ့တယ်လို့ စွပ်စွဲခံထားရသူတစ်ဦး ဟာ တည်ငြိမ်အေးချမ်းမှုကို လိုလားတဲ့ ပြည်သူတွေအတွက် တရားမျှတမှုကို ဘယ်လိုရှာဖွေပေးနိုင်မှာလဲဆိုတဲ့ မေးခွန်း ကို မြန်မာပြည်သူတွေရဲ့ တရားမျှတမှု အတွက် မေးမြန်းလိုပါတယ်။**

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံက ကုလသမဂ္ဂနဲ့ အာဆီယံတို့လို ဒေသ တွင်း မိတ်ဖက်တွေနဲ့ ပူးပေါင်းဆောင်ရွက် သွားဖို့ ဆက်လက်ကတိပြုထားမှုကို ပြည်သူတစ်ဦးအနေနဲ့ ထောက်ခံ ကြောင်း အလေးအနက်ပြောကြားလိုပါ တယ်။ ဒါ့အပြင် မြန်မာနိုင်ငံက မြန်မာ့ ဦးဆောင်မှု၊ မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ် တွေကတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မဆုတ်မနစ် ဆက်လက်လျှောက်လှမ်း သွားမှာဖြစ်ကြောင်း အဆွေတော်ကို အခိုင်အမာ အသိပေး ပြောကြားလိုပါ တယ်။ အခုအိတ်ဖွင့်ပေးစာဟာ တည်ငြိမ် အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတွေ ရဲ့ ဆန္ဒသဘောထားတွေကို ကိုယ်စားပြု ပါကြောင်း ထပ်လောင်းပြောကြားလိုက် ပါတယ်။ ။

# နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲ ကျင်းပ

နေပြည်တော်  ဇူလိုင်  ၁

နိုင်ငံတော်သမ္မတရုံး၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတရုံး ဘက်စုံသုံးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒုတိယဝန်ကြီး ဒေါက်တာခိုင်ခိုင်စိုးက နိုင်ငံတော်သမ္မတ၏ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ ခရီးစဉ်များအတွင်း ဆောင်ရွက်ချက်များ၊ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ မေးမြန်းသည့် မေးခွန်းများကို နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည် –


One News Channel မှ ဦးကျော်လွင် မေးမြန်းစဉ်။


KS News Media မှ ဦးကျော်စွာမြင့် မေးမြန်းစဉ်။


Skynet Media မှ ဦးမြင့်ဇော် မေးမြန်းစဉ်။


အမိမြေ သစ္စာ သတင်းစုံဂျာနယ်မှ ဦးစောမျိုးအောင် မေးမြန်းစဉ်။

**(ယမန်နေ့မှ အဆက်)**

**One News Channel မှ သတင်းထောက် ဦးကျော်လွင်**၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများနှင့် စပ်လျဉ်းသည့် မေးခွန်းကို ဖြေကြားရာတွင် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း၊ မကြာမီ လာအိုနိုင်ငံသို့ နိုင်ငံတော်သမ္မတကြီး သွားရောက်မည်ဖြစ်ကြောင်း၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ လာအို စသည့် အိမ်နီးချင်းနိုင်ငံများနှင့်လည်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကုန်သွယ်ရေးကဏ္ဍတွင် ထိုင်းနိုင်ငံနှင့် ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အာဆီယံနိုင်ငံများနှင့်လည်း မူလအတိုင်း မိတ်ဝတ်မပျက်ဆက်ဆံရေးဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ နိုင်ငံအချို့က အထင်အမြင်လွဲမှားပြီး မိမိတို့နိုင်ငံအပေါ်တွင် ဆက်ဆံရေးပြောင်းလဲခဲ့ကြောင်း၊ မိမိတို့ဘက်က အလုပ်ဖြင့် သက်သေပြနေကြောင်း၊ ရွေးကောက်ပွဲကျင်းပခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အားလုံးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

နောက်တစ်ခုမှာ ဘင်းမ်စတက်ဖြစ်ပြီး ဘင်းမ်စတက်အတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံသည် ဘင်းမ်စတက်တွင် အတက်ကြွဆုံး နံပါတ်(၁)နိုင်ငံဟု ပြောသွားပါကြောင်း၊ နောက် ၆ လအကြာတွင် မိမိတို့နိုင်ငံသည် ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တာဝန်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် BIMSTEC တွင် ပါဝင်သည့် အနောက်ခြမ်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းပြောကြားသွားသည့် နံပါတ်(၁) အခန်းကဏ္ဍကိုလည်း ဆက်လက်ထိန်းသိမ်းပြီး အတွင်းရေးမှူးချုပ် တာဝန်ယူရမည်ဖြစ်သည့်အတွက် ယခင်ထက်ပိုပြီး တက်တက်ကြွကြွ ပါဝင်လှုပ်ရှား ဦးဆောင်နိုင်သည့် အနေအထားမျိုးဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွက် ဘယ်လောက်ထိ အခွင့်အလမ်းတွေရှိမလဲဆိုသည့် ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံအနေဖြင့် ဘင်းမ်စတက်နှင့် ဆက်ဆံရေးကောင်းမွန်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများလည်း လုပ်ဆောင်နေကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်နေ့တွင် အာဆီယံ(၁၀)နိုင်ငံအနက်(၅)နိုင်ငံက ဂုဏ်ပြုသဝဏ်လွှာ ပေးပို့ခဲ့ပါကြောင်း၊ အလားတူ နိုင်ငံတော်အစိုးရသစ်ကာလတွင် အာဆီယံနိုင်ငံအချို့မှ လာရောက်တွေ့ဆုံပြီး ဆွေးနွေးခဲ့သည့် အကြောင်းအရာများအနက် ထုတ်ပြန်၍ရသည့် အကြောင်းအရာများကို သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မည်သို့ပင်ဆိုစေ မိမိတို့နိုင်ငံကို လာရောက်တွေ့ဆုံခြင်းသည် ဆက်ဆံရေးမျက်နှာစာသစ်ဖွင့်ရန် ပြန်လည်စဉ်းစားနေသည့် အနေအထားမျိုးဖြစ်သည်ကို ခန့်မှန်းတွက်ချက်နိုင်ပါကြောင်း ဖြေကြားသည်။

**KS News Media အယ်ဒီတာ ဦးကျော်စွာမြင့်** ၏ အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း အခြေခံဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် အခြေခံလူတန်းစား မြှင့်တင်ရေးအတွက် စီမံချက်များ ရှိ၊ မရှိနှင့် ရှိပါက အကြမ်းဖျင်းစီမံချက်များကို ရှင်းပြပေးစေလိုကြောင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းမှာ မြင့်မားနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရန်ဆိုသည့် ကိစ္စကို မိမိတို့အစိုးရလက်ထက်တွင်သာ မဟုတ်ဘဲ အစိုးရအဆက်ဆက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု အစိုးရလက်ထက် စပြီးတာဝန်ယူသည့်အချိန်၌ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ် ဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ တိုင်းပြည်သာယာဝပြောရေးကို တစိုက်မတ်မတ် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရသည့် အကြောင်းအရင်းမှာ မိမိတို့နိုင်ငံသည် မြို့ပြတွင် နေထိုင်သူ ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်တွင် နေထိုင်သူ ၇၀ ရာခိုင်နှုန်းရှိပါကြောင်း၊ ကျေးလက်တွင်နေသည့် လူအများစုမှာ ဆင်းရဲနွမ်းပါးပြီး စိုက်ပျိုးမွေးမြူရေးကိုသာ အဓိကထားလုပ်ကိုင်ကြပါကြောင်း။

နိုင်ငံတော်သမ္မတကြီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၌ စိုက်ပျိုးကေမြေများ အလုံအလောက်ရှိသည့်အတွက် လက်ရှိစိုက်ပျိုးနေသည့် စိုက်ပျိုးကေများတွင် သီးနှံအထွက်နှုန်းတိုးရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို သွားသည့်ရည်ရွယ်ချက်များအနက် စိုက်ပျိုးမွေးမြူရေးကဏ္ဍ မြှင့်တင်ရန်၊ ခေတ်မီနည်းပညာများ၊ AI သုံးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်လည်း ပါဝင်ပါကြောင်း၊ မိမိတို့နိုင်ငံမှ အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေးအတွက် အထွက်နှုန်းကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ထွက်ရှိလာသည့် ကုန်ပစ္စည်းများ ဈေးကောင်းရရှိရန်၊ အရည်အသွေးပြည့်မီရန်၊ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်စေရန် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် MSME လုပ်ငန်းကို ပစ်ပယ်၍မရကြောင်း၊ MSME သည် ကျေးလက်ဒေသမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး အခြေခံပစ္စည်းများကို အသုံးပြုပြီး ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများ၊ ဆင်းရဲနွမ်းပါးသူများ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပြီး ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်သမ္မတကြီးက မြန်မာနိုင်ငံကို ကမ္ဘာ့စားနပ်ရိက္ခာ အဓိကဖြည့်ဆည်းတင်ပို့ပေးနိုင်သည့် နိုင်ငံဖြစ်ရမည်ဆိုသည့် မူဝါဒချမှတ်ပေးခဲ့ပြီး ယင်းမူဝါဒအတိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမူဝါဒကို အပြည့်အဝအကောင်အထည်ဖော်နိုင်ပါက ဆင်းရဲနွမ်းပါးမှုကို မိမိတို့ အမြစ်ပြတ်တိုက်ထုတ်နိုင်သည့် အနေအထားကို ရောက်ရှိလာမည်ဖြစ်ကြောင်း ဖြေကြားသည်။

**Skynet Media မှ သတင်းထောက် ဦးမြင့်ဇော်** ၏ လက်ရှိ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မည်သည့်အခြေအနေကို ရောက်ရှိနေသည်၊ မည်မျှမျှော်လင့်နိုင်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သည့် အဖွဲ့က ဆွေးနွေးမှုများ အဆက်မပြတ်လုပ်ဆောင်နေပါကြောင်း၊ NCA ထိုးပြီးသည့်အဖွဲ့များ၊ NCA မထိုးရသေးသော အဖွဲ့များနှင့် ဆွေးနွေးနေပါကြောင်း၊ မကြာသေးမီက မိုင်းလားနှင့် “ဝ” ဒေသကို သွားခဲ့ပါကြောင်း၊ NDAA နှင့် “ဝ”အဖွဲ့များနှင့် ဆွေးနွေးခဲ့ပါကြောင်း၊ ဆွေးနွေးသည့်အထဲတွင် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများပါသလို ကလေးများ ကျောင်းပြန်တက်နိုင်ရေးကိစ္စလည်း ပါပါကြောင်း။

ဆရာ ဆရာမများ ခန့်ထားရေး၊ ငြိမ်းချမ်းရေးကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း၊ “ဝ” အဖွဲ့နှင့်ဆွေးနွေးစဉ် ၎င်းတို့က နိုင်ငံရေးအခင်းအကျင်းကို ယခုထက်ပိုပြီး ကောင်းမွန်သည့် အခင်းအကျင်းဖြစ်ရန်အတွက် သူတို့လည်း ဝိုင်းဝန်းပါဝင်ပြီး ဆောင်ရွက်သွားမည်၊ ယခုထက်ပိုပြီး ကောင်းမွန်သော အခင်းအကျင်းဖြစ်အောင် လုပ်သွားမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ “ဝ” နှင့် မိုင်းလားကို သွားခဲ့သော ခရီးစဉ်မှာ ရလဒ်ကောင်းများရခဲ့သည်ဟု သိရပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ဆွေးနွေးမှုများ လုပ်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိ တိုက်ပွဲဖြစ်နေသည့် အဖွဲ့များကိုလည်း နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ထားပါကြောင်း၊ ရက် ၁၀၀ ဆိုတော့ ရက် ၁၀၀ အတွင်းမှာ ပြီးပြီလား စသည်ဖြင့် ရေးနေ၊ ပြောနေတာတွေရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဘာကြိုတင်ကန့်သတ်ချက်မှ မရှိပါကြောင်း၊ ငြိမ်းချမ်းရေးလိုချင်လျှင် လာခဲ့ပါ၊ အပြည့်အဝဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ရက် ၁၀၀ အတွင်းသာ မဟုတ်ဘဲ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အချိန်မရွေးလာခဲ့ပါ၊ တံခါးဖွင့်ထားတယ်၊ ကမ်းလှမ်းကြိုဆိုပါတယ်ဆိုပြီး နိုင်ငံတော်သမ္မတကြီး၏ အသံကိုပါ မိမိတို့၏ PPIB website ၌ တင်ထားပါကြောင်း၊ အသံကို ကိုယ်တိုင် နားထောင်ကြည့်နိုင်ပါကြောင်း။

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နံပါတ်(၁)ပါဆိုပြီး နိုင်ငံတော်သမ္မတကြီး ပြောထားပါကြောင်း၊ ယခုအစိုးရ လက်ထက်မှာ ပထမဦးဆုံး စလုပ်သည်မှာ ငြိမ်းချမ်းရေးဖြစ်ပြီး ရက် ၁၀၀ အတွင်း အောင်မြင်အောင် လုပ်မည်၊ ရက် ၁၀၀ ကျော်သွားလျှင်လည်း ဆက်ပြီး ငြိမ်းချမ်းရေးလိုချင်သူ မည်သူမဆိုလာခဲ့ပါ၊ တံခါးဖွင့် ကမ်းလှမ်းကြိုဆိုပါတယ်ဟု ပြောထားတာရှိပါကြောင်း ဖြေကြားသည်။

**အမိမြေ သစ္စာ သတင်းစုံဂျာနယ်မှ သတင်းထောက် ဦးစောမျိုးအောင်**၏ လက်ရှိ နိုင်ငံတော်အစိုးရက နိုင်ငံရေးပြစ်ဒဏ်ကျသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ အကြမ်းဖက်အမည်ခံ PDF များကို ဥပဒေဘောင်အတွင်း လက်တွဲခေါ်ခြင်း၊ ပြည်တွင်း ပြည်ပရှိ မတူကွဲပြားခဲ့သူအချို့ကိုလည်း ပြည်တွင်းကို ပြန်လည်ဖိတ်ခေါ်နေခြင်းရှိရာ ယင်းပုဂ္ဂိုလ်များ Black List စာရင်းတွင် ပါဝင်မှု ရှိ၊ မရှိ၊ အကယ်၍ Black List စာရင်းတွင် ပါဝင်နေပါက မည်သို့ ပယ်ဖျက်ရန် ဆောင်ရွက်ရမည်ဆိုသည့် နည်းလမ်းကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လွတ်ငြိမ်းသက်သာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူများသည် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့်အတွက် Black List စာရင်းတွင် ပါဝင်ခြင်း လုံးဝမရှိပါကြောင်း၊ သာမန်ပြည်သူဖြစ်သွားပြီဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များသည်လည်း နိုင်ငံသား၊ ပြည်သူပြည်သားများဖြစ်သည့်အပြင် စာပေသင်ကြားရမည့် သားသမီးအရွယ်ကလေးများ ဖြစ်ပါကြောင်း၊ ၎င်းတို့ကိုလည်း Black List စာရင်းတွင် ထည့်သွင်းမထားပါကြောင်း၊ Black List သွင်းထားသည်မှာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အကြောင်းအမျိုးမျိုးကြောင့် ဌာနကင်းကွာသွားသည့် ဝန်ထမ်းများ၊ နိုင်ငံတော်သို့ ငွေကြေးအကျေပြန်လည်မပေးဆပ်သူ စီးပွားရေးလုပ်ငန်းရှင်များကိုသာ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက Black List ထည့်သွင်းထားပါကြောင်း။

ဌာန ကင်းကွာဖြစ်သွားသူများအနေဖြင့် Black List တွင် ပါဝင်ခြင်းကို ဖြေလျှော့ပေးရန် သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ သက်ဆိုင်သည့် ဌာန၊ သံရုံးများမှတစ်ဆင့် လျှောက်ထားနိုင်ပါကြောင်း၊ မိမိမှတ်မိသလောက် Black List ဖြေလျှော့ပေးသည့် အရေအတွက် ၇၀၀၀ ကျော်ရှိပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် Black List တွင် ပါဝင်နေပါက ဖြေလျှော့ပေးရန် လျှောက်ထားနိုင်ပါကြောင်း၊ ဥပဒေကို ဆန့်ကျင်သည့် အခြေအနေမျိုး လုပ်ဆောင်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် Black List တွင် ပါဝင်နေပါက လုပ်ငန်းစဉ်အတိုင်း ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**Voice of Myanmar News – VOM မှ အယ်ဒီတာချုပ် ဦးနေမျိုးလင်း** ၏ ရက် ၁၀၀ စီမံကိန်း အပါအဝင် နိုင်ငံတိုးတက်ပြောင်းလဲရေးအတွက် ရည်ရွယ်ချက်များ၊ ဦးတည်ချက်များနှင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် ပြည်တွင်းပဋိပက္ခကြောင့် ဖွံ့ဖြိုးမှုနောက်ကျရသည့်အတွက် ပြည်တွင်းပဋိပက္ခများ ပြေလည်စေရန် အတိုက်အခံဖြစ်နေသော အဖွဲ့အစည်းများ၊

**စာမျက်နှာ ၁၁ သို့** ☆

☆ စာမျက်နှာ ၁၀ မှ

တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်တို့လို ပုဂ္ဂိုလ်မျိုးကို လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွင် ပါဝင်ခွင့်ပေးဖို့ ဖိတ်ခေါ်သွားရန်အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် EAO များနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးဖိတ်ခေါ်ထားပါကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပြီးလျှင်၊ သဘောတူညီချက်များ ရပြီးသွားလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်းတို့အနေဖြင့်လည်း မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့လူမျိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များထားပြီး လုပ်ဆောင်သွားမည်သာ ဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်နိုင်ငံတည်းက နိုင်ငံသားများဖြစ်သည့်အတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း။

အတိုက်အခံဟုပြောဆိုကြသော်လည်း အတိုက်အခံပါတီများသည် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ၊ မဖြစ်သူရှိကြပါကြောင်း၊ အားလုံးအတူတူရှေ့ဆက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ရပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိတွင် ပြစ်ဒဏ်ကျခံနေရသူ ဖြစ်သည့်အတွက် ပြစ်ဒဏ်ကာလပြီးဆုံးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် ပါဝင်ဆောင်ရွက်ခွင့်ရမည် ဖြစ်ပါကြောင်း၊ မည်သည့်ပြဿနာ၊ မည်သည့်အခက်အခဲမှ မရှိပါကြောင်း၊ နိုင်ငံသား ပြည်သူတစ်ယောက်အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း၊ ပြင်ပတွင် ပြောဆိုနေကြသကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံရေးပုဒ်မ၊ နိုင်ငံရေးပြစ်မှုတို့ဖြင့် အရေးယူခံထားရခြင်း မဟုတ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေများနှင့် အရေးယူခံထားရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေဘောင်အတွင်းမှ ပြစ်ဒဏ်များကျခံပြီးသွားပါက ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့်**၏ ဒေါ်အောင်ဆန်းစုကြည်၏ လက်ရှိကျန်းမာရေးအခြေအနေ၊ အာဆီယံ အထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းထားသည့်ကိစ္စ၊ ဇူလိုင်လတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီး အစည်းအဝေးနှင့် နိုဝင်ဘာလတွင်ကျင်းပမည့် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံတက်ရောက်နိုင်မည့် အခြေအနေကိုသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးအခြေအနေ အလွန်ကောင်းမွန်နေပါကြောင်း၊ ဘာမှပြဿနာ မရှိပါကြောင်း၊ ဆေးစစ်ဆေးမှုများကိုလည်း ပုံမှန်ပြုလုပ်ပေးနေပါကြောင်း၊ အာဆီယံ အထူးကိုယ်စားလှယ်က တွေ့ခွင့်တောင်းသည့် ကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်သည် ပြစ်မှုများဖြင့် ဥပဒေအရ အရေးယူခံထားရသည့် ပြစ်ဒဏ်ကျခံနေရသူ ဖြစ်ပါကြောင်း၊ ယင်းအတွက် နိုင်ငံတကာကိုယ်စားလှယ်များနှင့်တွေ့၍ မရပါကြောင်း၊ ပြစ်ဒဏ်ကျခံပြီးသွားသည့် အချိန်ကျမှသာ တွေ့ခွင့်ရကောင်း ရနိုင်ပါကြောင်း၊



Voice of Myanmar News – VOM မှ ဦးနေမျိုးလင်း မေးမြန်းစဉ်။

မိမိအနေဖြင့် အာဆီယံအစည်းအဝေးကို တက်မှာလားဆိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖိတ်မှာလားဟု ပြန်မေးလိုပါကြောင်း၊ ဖိတ်ကြားပါက တက်ရောက်မည်ဖြစ်ပါကြောင်း၊ ၎င်းတို့အနေဖြင့် နောက်ပိုင်းတွင် အဆင့်ခွဲခြား၍ ဖိတ်ကြားမှုများ ရှိလာပါကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ဒေသတွင်း၌ အာဆီယံနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးအတွက် လုံးဝ တာဝန်မပျက်ကွက်ခဲ့ပါကြောင်း၊ အမြဲတမ်း တက်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့်**၏ လက်ရှိမြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ပူးပေါင်းပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်း၊ မူဆယ်-မန္တလေး ရထားလမ်းစီမံကိန်းတို့ အကောင်အထည်ဖော် ဆောင်ရွက်နေသလို အိန္ဒိယနိုင်ငံနှင့်လည်း ကုလားတန်မြစ်ကြောင်း ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းတို့ကို ဆောင်ရွက်နေသည်ဟု သိရှိရပါကြောင်း၊ ထိုစီမံကိန်းတစ်ခုချင်းစီ၏ လက်ရှိအခြေအနေ၊ မကြာမီကာလမှာ ဘယ်လိုလုပ်ငန်းအဆင့်များကို ဆက်လက်ပြီး လုပ်ဆောင်သွားမလဲ၊ ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အပိုင်းကို ကြည့်မည်ဆိုလျှင် အချို့ရပ်ဆိုင်းနေသည်များ ရှိပါကြောင်း၊ ဂျပန်နိုင်ငံက ODA ရပ်ဆိုင်းထားသည့်အတွက် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး အပိုင်းများ ရပ်တန့်နေပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဂျပန်နိုင်ငံကို ဘယ်လိုမျိုး မျှော်လင့်ထားပါသလဲ၊ လက်ရှိရေတိုကာလမှာ ဂျပန်နိုင်ငံ၏ အထောက်အပံ့က မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မလိုအပ်သေးဘူးလို့ ယူဆပါသလား ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် မူဆယ်- မန္တလေးရထားလမ်း စီမံကိန်းတွင် မူဆယ်မှ မန္တလေးအထိ လမ်းကြောင်းရှာသည့်အပိုင်း၌ လေ့လာမှုပြီးစီးသွားပြီဖြစ်ပြီး အစီအစဉ်စလုပ်ဖို့ အနေအထားဖြစ်ပါကြောင်း၊ မန္တလေး-ကျောက်ဖြူအပိုင်းအတွက် လမ်းကြောင်းအကြမ်းဖျင်းရွေးချယ်ပြီးပြီ၊ လေ့လာမှုလုပ်နေရင်းမှ ယခုဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် တချို့နေရာများ၌ လုံခြုံရေး စိတ်မချရသည့်အတွက် ရပ်သွားပါကြောင်း၊ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်ပါက အမြန်ဆုံး ပြန်စဖို့ ဆောင်ရွက်နေပါကြောင်း။

ကုလားတန်မြစ်ကြောင်း ဘက်စုံ သယ်ယူပို့ဆောင်ရေးစီမံကိန်းကို အမြန်ဆုံး အပြီးသတ် ဆောင်ရွက်နိုင်ရေးအတွက်



NHK သတင်းဌာနမှ ဒေါ်ခင်မိုမိုမြင့် မေးမြန်းစဉ်။

သဘောတူညီချက်များရရှိပြီး ဖြစ်ပါကြောင်း၊ အဓိကမှာ နယ်မြေအေးချမ်းရန်ဖြစ်ပါကြောင်း၊ နယ်စပ်ဒေသများတွင် နယ်မြေအေးချမ်းပြီး လုံခြုံရေးကောင်းမွန်သည်နှင့် ချက်ချင်းပြန်စမည် ဖြစ်ပါကြောင်း။

ဂျပန်မှ ODA အကူအညီများ အများကြီးရခဲ့ပြီး အထူးသဖြင့် ပညာသင်ကြားရေးကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ကဏ္ဍများတွင် အကူအညီများစွာ ရရှိခဲ့သဖြင့် အထောက်အကူလည်း အများကြီးဖြစ်ခဲ့ပါကြောင်း၊ ယခု အကူအညီများကို ရပ်ထားပါကြောင်း၊ ဆောင်ရွက်နေသည့်လုပ်ငန်းများ အကုန်ရပ်သွားသည့်အတွက် ပြည်သူများကို ထိခိုက်ပါကြောင်း၊ ရထားလမ်းစီမံကိန်း ရပ်သွားသည့်အတွက် ပြည်သူများ ဒုက္ခရောက်ရပါကြောင်း။

ဂျပန်အစိုးရကို ပြောကြားလိုသည်မှာ အကူအညီပေးခဲ့သည်များ အားလုံးအတွက် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ အကူအညီလိုအပ်နေပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်ရသည့်အထဲ ၂၀၂၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ များစွာ လုပ်နေရပါကြောင်း၊ ပျက်စီးသွားသည့် ကိစ္စအများအပြားရှိသည့်အတွက် အကူအညီ အများကြီးလိုအပ်ပါကြောင်း၊ ဖြစ်နိုင်ပါက အကူအညီအသစ်များ မပေးသည့်တိုင် မိမိတို့ ယခင်သဘောတူညီခဲ့သည့် အကူအညီများကို ပြန်ပေးမည်ဆိုလျှင် ပြည်သူများအတွက် အများကြီး အထောက်အပံ့ဖြစ်မည် ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အများကြီး အကျိုးရှိခဲ့သည်ကို ပြောချင်ပါကြောင်း၊ သတင်းထောက်ကြီး မေးမြန်းသည့် “အကူအညီမလိုတော့ဘူးလား” မေးခွန်းနှင့် ပတ်သက်၍ အကူအညီလိုပါတယ်၊ အကူအညီပေးပါဟု ဤနေရာမှ တောင်းဆိုလိုပါကြောင်း ဖြေကြားသည်။

**Truth Zone Online မီဒီယာမှ အယ်ဒီတာချုပ် ဒေါ်သဇင်ဦး**၏ လူငယ်များအနေဖြင့် သူတို့အနာဂတ်အတွက် စိုးရိမ်ပူပင်နေကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်းမှ လူငယ်များ ပြည်ပသို့ ထွက်ခွာနေကြရခြင်းအပေါ် အစိုးရအနေဖြင့် ဘယ်လိုသုံးသပ်မိပါသလဲ၊ လူငယ်များအတွက် မြန်မာနိုင်ငံတွင် ပညာရေး၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် အနာဂတ်မျှော်လင့်ချက်များ ပြန်လည်ရရှိအောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘယ်လိုအထူးစီမံချက်များဖြင့် ဆွဲဆောင်ထိန်းသိမ်းသွားမလဲ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် လူငယ်များက သူတို့



Nikkei Shimbun သတင်းဌာနမှ ဒေါ်နန်းပြည့် မေးမြန်းစဉ်။

အနာဂတ်အတွက် စိုးရိမ်မှုတွေရှိနေသလို မိမိတို့လူကြီးများကလည်း နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအပါအဝင် အစိုးရအဖွဲ့ဝင်များလည်း စိုးရိမ်ပါကြောင်း၊ ဘာကြောင့်လဲဆိုသော် လူငယ်ဆိုသည်မှာ နောက်တစ်ချိန်လူကြီးဖြစ်မည့်သူများ၊ နိုင်ငံ့စွမ်းအားများ၊ အရင်းအမြစ်များ ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဆက်စပ်သည့်အတွက် ကိုယ်တိုင်လေ့လာထားသည့် ကိစ္စတစ်ခုကို ထည့်သွင်းပြောကြားလိုပါကြောင်း၊ ၂၀၁၄ သန်းခေါင်စာရင်း ကောက်လိုက်သည့်အချိန်တွင် လူငယ်အရေအတွက် အများကြီးရှိပါကြောင်း၊ ယင်းမှာ လွန်ခဲ့သည့် အနှစ် ၃၀၊ ၄၀ ကာလများက မွေးနှုန်းမြင့်မားခဲ့၍ ဖြစ်ပါကြောင်း၊ ၂၀၁၄ တုန်းက အလုပ်လုပ်နိုင်သည့် အရွယ်ရောက်နေသူ ဘယ်လောက်များသလဲဆိုတာ မိမိသိပါကြောင်း၊ အလုပ်လုပ်နိုင်သူ တကယ်များခဲ့ပါကြောင်း၊ မိမိတို့ လူဦးရေ Bonus ရနေခြင်းဖြစ်ပါကြောင်း၊ Demographic Dividend ဟု ခေါ်ပါကြောင်း။

ယခု ၂၀၂၄ သန်းခေါင်စာရင်း ကောက်လိုက်သည့်အခါ လွန်ခဲ့သည့် ၁၀ နှစ်က အသက် ၁၄ ၊ ၁၅ နှစ်ရှိသည့် အုပ်စုက ယခုအချိန်မှာ အသက် ၂၄ နှစ်၊ ၂၅ နှစ်ဖြစ်မည်၊ အလုပ်လုပ်နိုင်သည့် အရွယ် လူငယ်တွေများလာရမည့်အစား လျော့သွားသည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း လူငယ်အများကြီး ရှိနေဆဲဖြစ်ပါကြောင်း၊ ဘယ်လိုပဲဖြစ်ဖြစ် ယခင်ထက်စာလျှင် ရွှေ့ပြောင်းနေထိုင်သူများလာပါကြောင်း၊ ထိုအချက်အလက်များအတွက် မိမိတို့ စိုးရိမ်ပါကြောင်း၊ စိတ်ပူပါကြောင်း။

မိမိတို့၏ ကျွမ်းကျင်လုပ်သားများ ဆုံးရှုံးသွားသလားဟု စိတ်ပူပါကြောင်း၊ ယင်းကို ဘယ်လိုတားမလဲ စဉ်းစားရာ ရွှေ့ပြောင်းနေထိုင်ကြခြင်းမှာ မိမိတို့နိုင်ငံသာမဟုတ်ဘဲ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးတွင် အလွန်မြင့်မားပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း ကိုယ့်နိုင်ငံ အနေအထားအရသော် လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာမှာ စီးမြောသွားသည့် အနေအထားအရသော် လည်းကောင်း ရွှေ့ပြောင်းနေထိုင်မှု များနေခြင်းဖြစ်ပါကြောင်း၊ သူတို့ဘာလို့ ထွက်သွားသလဲဆိုတော့ အဓိကအကြောင်းအရင်းကိုကြည့်သည့်အခါ အလုပ်အကိုင် အခွင့်အလမ်းကြောင့်ဖြစ်ပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းအပြင် တခြားအကြောင်းအရာများလည်း ရှိပါကြောင်း၊ သို့သော်လည်း အဓိကရည်ရွယ်ချက်မှာ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့၊ သူတို့ဘဝဖွံ့ဖြိုးတိုးတက်ဖို့၊ စီးပွားရေးပြေလည်ဖို့



Truth Zone Online မီဒီယာမှ ဒေါ်သဇင်ဦး မေးမြန်းစဉ်။

ဖြစ်ပါကြောင်း။

လေ့လာကြည့်သည့်အခါ ပညာအရည်အချင်းအရ မူလတန်း၊ အလယ်တန်းအဆင့်ရှိသူများ ပြည်ပသို့ထွက်ခွာမှုများသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် တစ်ချိန်မှာ လုပ်သားအင်အားရှားပါးမှုပြဿနာဖြစ်လာနိုင်ပါကြောင်း၊ အဓိကအကြောင်းအရင်းမှာ အလုပ်အကိုင်အခွင့်အလမ်းအတွက်သွားခြင်းဖြစ်၍ မိမိတို့က ကျေးလက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ပြန်ပြီးတိုးတက်လာအောင်၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ခေါ်တယ်ဆိုတာလည်း ထိုရည်ရွယ်ချက်ပါပါကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ MSME ကလည်း ကျေးလက်မှ ထွက်ကုန်များကို ပိုပြီးအဆင့်မြှင့်တင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ဖြစ်ပါကြောင်း၊ နောက်တစ်ခုက နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ပြည်ပခရီးစဉ်များတွင် ပြုလုပ်သည့် စီးပွားရေးဖိုရမ်များတွင် ပါဝင်ဆွေးနွေးခဲ့ပါကြောင်း၊ ဖိတ်ခေါ်ခဲ့တယ် ဆိုတာကလည်း ပြည်တွင်းကို ရင်းနှီးမြှုပ်နှံမှုတွေ စီးဝင်လာဖို့ ဖြစ်ပါကြောင်း၊ ယခုလိုစီးဝင်မှုပဲ မိမိတို့နိုင်ငံရှိ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည် ဖြစ်ပါကြောင်း။

နောက်တစ်ခုကတော့ နိုင်ငံတော်၏ စေတနာပါ။ ပြည်ပကို တရားမဝင် ထွက်ခွာသွားသူများရှိပါကြောင်း၊ အလုပ်လုပ်သည့်အခါ အထူးသဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ စသည်ဖြင့် နိုင်ငံတို့တွင် အင်မတန်ဒုက္ခရောက်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ စေတနာက တရားမဝင် အထောက်အထားမဲ့ ထွက်ခွာသွားသူများကို အထောက်အထားရရှိအောင် CI (Certificate of Identity)ကို ပြည်ပကိုသွားရောက်ပြီး ထုတ်ပေးပါကြောင်း၊ နှစ်နိုင်ငံ MoU များ ထိုးထားပြီး သူတို့ကို တရားဝင်ဖြစ်အောင် လုပ်ပေးနေပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံသားများအတွက် စောင့်ရှောက်သည့် နိုင်ငံတော်၏ စေတနာပါသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ငါးနှစ်တာကာလအတွင်း အလုပ်အကိုင် အခွင့်အလမ်းများလာအောင်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာအောင် မိမိတို့ဆောင်ရွက်နိုင်မည်ဆိုလျှင် ရွှေ့ပြောင်းသွားလာသူများအကုန်လုံးလိုလိုကို ထိန်းပြီးသားဖြစ်သလို ပြည်ပကို ရောက်နေသူများလည်း ပြန်လာမည်ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးဝိုင်းပြီး ဆောင်ရွက်ဖို့လိုပါကြောင်း ဖြေကြားသည်။

စာမျက်နှာ ၁၂ သို့ ☆

# သာပေါင်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

သာပေါင်း ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပြည်သူ့စကားဝိုင်းကို ယနေ့တွင် အမှတ်(၃) ရပ်ကွက် မြချမ်းသာ စေတီတော် ပရဝဏ်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုဇင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းဇော်ထိုက်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့၏ဌာနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲ တက်ရောက်

မုံရွာ ဇူလိုင် ၁

စစ်ကိုင်း တိုင်းဒေသကြီး၊ မုံရွာခရိုင်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မုံရွာခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးရှိ မြသလ္လာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီး များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများတက်ရောက်ကြသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။



အဆိုပါသင်တန်းတွင် မုံရွာ ခရိုင်မှ မုံရွာ၊ ချောင်းဦး၊ ဘုတလင်၊ အရာတော် မြို့နယ်တို့မှ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၄၅ ဦးအား ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ဖွင့်လှစ် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၁ မှ

**People Media မှသတင်းထောက်ချုပ် ဦးကျော်စိုးဦး၏** ၂၀၂၆ ခုနှစ်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် PDF များ အလင်းဝင်ရောက်မှုနှုန်း မြင့်တက်လာကာ ယခုအချိန်အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလင်းဝင်ရောက်သည့် PDF ဦးရေကို သိရှိလိုပြီး ရက် ၁၀၀ အလွန်တွင် PDF များနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်သွားမည့် အခြေအနေ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာမည့် PDF များနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ သတင်းစကား ပါးချင်သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် မိမိအနေဖြင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF ၄၀၀၀ ကျော်ရှိပြီဟု သိရှိမှတ်သားမိပါကြောင်း၊ ရက် ၁၀၀ စီမံချက်ဟု ပြောဆိုခြင်းမှာ ရက် ၁၀၀ အတွင်းကိုသာ ဆိုလိုခြင်းမဟုတ်ပါကြောင်း၊ ရက် ၁၀၀ ကို အစပြုဖိတ်ခေါ်ခြင်းကို ဆိုလိုပြီး ရက် ၁၀၀ ကျော်သွားပါကလည်း ဖိတ်ခေါ်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် မန္တလေး တိုင်းဒေသကြီးမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့များ များစွာ ရှိပါကြောင်း၊ PDF အဖွဲ့များတွင် ကလေးအရွယ်၊ ကျောင်းတက်၍ ပညာရှာရမည့် အရွယ်၊ လုပ်ငန်းခွင် ဝင်ရောက်ရမည့်အရွယ်များ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ရက် ၁၀၀ ကျော်သွားပါကလည်း နွေးထွေးစွာ ကြိုဆိုနေမည်ဆိုသည်ကိုပြောကြားလိုပါကြောင်း ဖြေကြားသည်။

**ဆက်လက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ဗိုလ်မှူးချုပ် စံညီဝင်းက** ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ PDF ၂၅၇၅ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိဆိုပါက ၄၁၈၆ ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပါကြောင်း ဖြေကြားသည်။

**Myanmar Hard Talk အယ်ဒီတာချုပ် ဦးအောင်မင်း၏** NSPNC မှ ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့ "ဝ" နဲ့ မိုင်းလားကို သွားရောက်တွေ့ဆုံခဲ့မှုအပေါ် မည်သို့ ရလဒ်ရရှိသည် သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေးအတွက် NCA ရေးထိုးထားသည့်



People Media မှ
ဦးကျော်စိုးဦး မေးမြန်းစဉ်။

အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ရှိပါကြောင်း၊ "ဝ" နှင့် မိုင်းလားသည် NCA ရေးထိုးထားခြင်း မရှိသေးသော်လည်း မိမိတို့၏ နိုင်ငံရေး ရည်မှန်းချက်များက ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့်နိုင်ငံကို တည်ဆောက်ရန် ဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပါဝင်ရန်လိုအပ်ပါကြောင်း၊ ထို့အတွက် ဗိုလ်ချုပ်ကြီး ရာပြည့်နှင့်အဖွဲ့က အဆိုပါ ဒေသကို သွားရောက်ဆွေးနွေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ NCA ရေးထိုးထားခြင်း မရှိသေးသော်လည်း ထိုအဖွဲ့များသည် ယခင်အစည်းအဝေးများ ကျင်းပစဉ် ကတည်းက တက်ရောက်ခဲ့ကြပါကြောင်း၊ ထိုသို့ သွားရောက်ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို တရားဝင်သတင်း ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပြင် လက်ရှိအခြေအနေထက် ကောင်းမွန်သည့် နိုင်ငံရေးအခြေအနေကို ဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးခဲ့သည်များရှိသည်ကို သိရှိရပါကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်ချက်များကို တောင်းဆို ဆွေးနွေးခဲ့ကြသည်ဟုလည်း သိရှိရပါကြောင်း၊ အပြန်အလှန် ညှိနှိုင်းဆွေးနွေးဆဲ ကာလဖြစ်ပါကြောင်း ဖြေကြားသည်။

**Eleven Media Group မှ သတင်းထောက် ဦးအောင်မင်းသိမ်းက** နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ စီမံကိန်းတွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ



Myanmar Hard Talk မှ
ဦးအောင်မင်း မေးမြန်းစဉ်။



Eleven Media Group မှ
ဦးအောင်မင်းသိမ်း မေးမြန်းစဉ်။



Union Politics News မှ
ဦးထူးမောင်မောင် မေးမြန်းစဉ်။



Popular News သတင်းဌာန မှ
ဦးမြတ်ခိုင် မေးမြန်းစဉ်။

ဆောင်ရွက်မည်ဆိုသည်မှာ ပါရှိပြီးဖြစ်ပါကြောင်း၊ လက်ရှိ ပဋိပက္ခဖြစ်ပွားနေသည့် EAO များ၊ TNLA ၊ MNDAA တို့ကဲ့သို့ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးသွားမည့် အခြေအနေကို သိရှိလိုပြီး နိုင်ငံတော်သမ္မတ၏ တရုတ်နိုင်ငံခရီးစဉ်တွင် တရုတ်နိုင်ငံဘက်က စီမံကိန်းများ စတင်နိုင်ရန် ငြိမ်းချမ်းရေး၊ လုံခြုံရေးကိစ္စများနှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့သည်ကို သိရှိရပါကြောင်း၊ ထို့အတွက် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးအခြေအနေက အဓိက ကျလာသည့်အတွက် EAO အဖွဲ့များ၊ AA၊ TNLA၊ MNDAA၊ KIA အဖွဲ့များနှင့် လက်ရှိ အခြေအနေကိုသိရှိလိုခြင်းတို့နှင့် စပ်လျဉ်း၍ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ၏ မူဝါဒမှာ ငြိမ်းချမ်းရေးအတွက် အားလုံးကို ပါဝင်ရန် ဖိတ်ခေါ်ထားပါကြောင်း၊ EAO များ၊ လက်ရှိပဋိပက္ခများ ဖြစ်နေသည့် နေရာများမှ အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်ထားပါကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် စိတ်ဝင်စားပါက မိမိတို့ဘက်က အဆင်သင့်ရှိပြီး လက်ကမ်းကြိုဆိုနေပါကြောင်း၊ ထို့အတွက် NCA ထိုးထားသည် ဖြစ်စေ၊ မထိုးထားသည်ဖြစ်စေ ငြိမ်းချမ်းရေးအတွက် မိမိတို့ဘက်က အဆင်သင့်ရှိနေပါကြောင်း။

တရုတ်နိုင်ငံ၏ Belt and Road စီမံကိန်း၊ China–Myanmar Economic Corridor – CMEC စီမံကိန်းတို့သည် နယ်စပ်ဒေသငြိမ်းချမ်းမှ အဆင်ပြေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရေးကို အပြည့်အဝ ကူညီသွားမည်၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး ဆောင်ရွက်သည့် လုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းပါဝင်သွားမည် ဆိုသည်ကို တရုတ်နိုင်ငံခေါင်းဆောင်များက ဆွေးနွေးပြောကြားခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတွက်ကြောင့် နိုင်ငံတော်သမ္မတက ငြိမ်းချမ်းရေးသည် ပထမဆိုသည်ကို အစိုးရသစ် စတက်ကတည်းက ပြောကြားခဲ့ပါကြောင်း ဖြေကြားသည်။

**Union Politics News မှ အယ်ဒီတာချုပ် ဦးထူးမောင်မောင် ၏** ၎င်းတို့၏အကျိုးစီးပွားတွေအတွက် NCA ကို အကာအကွယ်ယူပြီး ပြည်တွင်းငြိမ်းချမ်းရေး တကယ်မလိုချင်ဘဲ အကာအကွယ်ယူနေသည့်အဖွဲ့များရှိလျှင် NSPNC နှင့် နိုင်ငံတော်ဘက်က ဘယ်လို သဘောထားမျိုးရှိမလဲ ဆိုသည့်မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် ငြိမ်းချမ်းရေး ဖိတ်ခေါ်ပါလျက်သားနှင့် မလာဘူး၊ ဒီလိုတွေ လုပ်မယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာတွေဆက်ပြီး လုပ်သွားရပါလိမ့်မယ် ဆိုတာ သမ္မတကြီး၏ မူဝါဒဖြစ်ပါကြောင်း ဖြေကြားသည်။

**Popular News သတင်းဌာန၏ အယ်ဒီတာချုပ် ဦးမြတ်ခိုင်က** သမ္မတကြီး ဦးသိန်းစိန် လက်ထက်က သတင်းမီဒီယာများကို ဖိတ်ခေါ်ပြီး မေးခွန်းများကို ကိုယ်တိုင်ဖြေပေးခဲ့ပါကြောင်း၊ လက်ရှိ နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်အနေဖြင့်လည်း သတင်းသမားများနှင့် တွေ့ဆုံပြီး ဖြေကြားပေးရန် ရှိ/ မရှိ သိရှိလိုသည့် မေးခွန်းနှင့် စပ်လျဉ်း၍ ဖြေကြားရာတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်သမ္မတ တာဝန်ယူပြီး ခရီးစဉ်နှစ်ခုတွင် ပြည်တွင်း၊ ပြည်ပ သတင်းဌာနများနှင့် အင်တာဗျူးများ ဖြေကြားခဲ့ပါကြောင်း၊ ဖြေပေးရန်လည်း ဆန္ဒရှိပါကြောင်း၊ ပြည်ပသတင်းဌာနများမှ သမ္မတကြီးဆီ စာပို့ပြီး အင်တာဗျူးလုပ်လိုကြောင်း ပြောကြားရာ သမ္မတကြီးကလည်း ဖြေကြားပေးရန် ဆန္ဒရှိပါကြောင်း၊ ဦးမြတ်ခိုင် မေးမြန်းသည့် မေးခွန်းနှင့် ပတ်သက်၍ ဆန္ဒရှိပါကြောင်း၊ အခြေအနေပေးခဲ့လျှင်၊ အခွင့်အခါသင့်ခဲ့လျှင် သမ္မတကြီးက ဖြေကြားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**သတင်းစဉ်**



# နေပြည်တော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီ ဝင်များ၊ဌာနဆိုင်ရာများနှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးက ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေများနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ထို့နောက် နေပြည်တော်အားကစားနှင့်ကာယ ပညာကော်မတီနာယက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် နေပြည်တော်အားကစားရုံ(ရွှေကြာပင်)၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၂၃) နှစ် အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရာက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေကြသည့် ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့နယ်အသင်းနှင့် ပျဉ်းမနားမြို့နယ်အသင်း၊ လယ်ဝေးမြို့နယ်အသင်း နှင့် ဇေယျာသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေ မှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအပြီးတွင် တပ်ကုန်း မြို့နယ်အသင်းက ပျဉ်းမနားမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လယ်ဝေးမြို့နယ် အသင်းက ဇေယျာသီရိမြို့နယ်အသင်းကို နှစ်ပွဲပြတ် ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ဒုတိယဝန်ကြီး ဦးမျိုးမြင့် တီးတိန်မြို့ စည်ပင်သာယာဈေးများ သွားရောက်ကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ဇွန် ၂၉ ရက်တွင် တီးတိန် မြို့ စည်ပင်သာယာဈေး(မြို့မ)တွင် ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုနှင့် စကောလမ်းရပ်ကွက် စည်ပင်သာယာဈေးတွင် ဆိုင်ခန်းများဖွင့်လှစ်ရောင်းချ နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တီးတိန်မြို့နယ် ရှောင်စောန်းစံပြ ကျေးရွာ၌ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး ကျောင်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက လမင်းစီမံချက်ဖြင့် ရှောင် စောန်းစံပြကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**





# မြို့နယ် ၄၄ မြို့နယ်မှ ဒေသထွက်ကုန်များရောင်းချ

**ရန်ကုန် ဇူလိုင် ၁**

(၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်း အမှတ်အကြို ဈေးရောင်းပွဲတော်ကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်း ဒေသကြီး ဗဟန်းမြို့နယ် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ရုံးဝင်း အတွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာထူးမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး သမ ဝါယမဦးစီးဌာနဦးစီးမှူး၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အပြည်ပြည် ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်အကြို ဈေးရောင်းပွဲတော်အတွင်း ခင်းကျင်းပြသရောင်းချလျက်ရှိသည့် ဆိုင်ခန်းများအား လှည့်လည် ကြည့်ရှုအားပေးကြသည်။

ယခုကျင်းပပြုလုပ်သည့် (၁၀၄)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အကြို ဈေးရောင်းပွဲတော်တွင် ဒေသ ထွက်ကုန်များနှင့် သမဝါယမထုတ်ကုန်ဆိုင်ခန်းပေါင်း ၄၀ နှင့် စတုဒိသာဆိုင်ခန်းတစ်ခန်းအပါအဝင် စုစုပေါင်းဆိုင်ခန်း ၄၁ ခန်းဖြင့် ခင်းကျင်းပြသရောင်းချပေးခဲ့ကြောင်း သိရသည်။

**အာကာ**

# ရန်ကုန်မြို့ အဆောက်အအုံများအား ငလျင်နှင့် သဘာဝဘေးအန္တရာယ်အကဲဖြတ်ခြင်း စီမံကိန်း(Pilot Survey Project) မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့ အဆောက်အအုံ များအား ငလျင်နှင့် သဘာဝ ဘေးအန္တရာယ် အကဲဖြတ်ခြင်း စီမံကိန်း (Pilot Survey Project) မိတ်ဆက်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကျောက်တံ တားမြို့နယ် မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးမျိုးမြင့် အောင်နှင့် မြန်မာနိုင်ငံအင်ဂျင် နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင် မောင်ဌွေးတို့က အမှာစကားပြော ကြားပြီး မြန်မာနိုင်ငံ ငလျင် ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်စန်း က ငလျင်ဘေးအန္တရာယ်လျှော့ပါး ရေးနှင့် အနာဂတ်မျှော်မှန်းချက် များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ငလျင်ကော်မတီ တွဲဖက်အတွင်း ရေးမှူး ဦးဝေရာအောင်က စီမံ ကိန်းနှင့်ပတ်သက်သည့် အသေး စိတ်အချက်လက်များကို လည်း ကောင်း ရှင်းလင်းတင်ပြကာ ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီအတွင်းရေးမှူးနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ချုပ်ဥက္ကဋ္ဌတို့က ကျေးဇူးတင် စကားပြောကြားသည်။

အဆိုပါလုပ်ငန်းများကို ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော် မတီက မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ်နှင့် မြန်မာနိုင်ငံ မြေ ငလျင်ကော်မတီတို့ ပူးပေါင်း၍ ဇူလိုင် ၁ ရက်မှစတင်ပြီး Pilot Survey Project အဖြစ် ရန်ကုန် မြို့ ဆေးရုံများ၊ စာသင်ကျောင်း များ၊ ရုံးအဆောက်အအုံများနှင့် အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အအုံများကို ငလျင်နှင့် သဘာဝဘေးအန္တရာယ်ခံနိုင်ရည် ရှိမှုအပေါ် စနစ်တကျစစ်ဆေး အကဲဖြတ်ကာ အန္တရာယ်ရှိနိုင်မှု အဆင့်အလိုက် ခွဲခြားသတ်မှတ် သွားမည်ဖြစ်သည်။ ထိုစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးနယ်နိမိတ်အတွင်းရှိ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတား မြို့နယ်များတွင်ကနဦးစတင်ဆောင် ရွက်သွားမည်ဖြစ်ပြီး စစ်ဆေး တွေ့ရှိချက်များအပေါ် မူတည်၍ လိုအပ်သောပြုပြင်ထိန်းသိမ်းရေး နှင့် ဘေးအန္တရာယ်လျှော့ပါးရေး အစီအစဉ်များကို အဆင့်လိုက် ဆက်လက် အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**





# ဆီဆိုင်မြို့နယ်၌ ဥပဒေအသိပညာပေး ရှင်းလင်းဆောင်ရွက်

**ဆီဆိုင် ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးရောင်းချသည့် ဆိုင်ရှင်များအား ဥပဒေအသိပညာပေး ရှင်းလင်းဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါရုံး၌ ပြုလုပ်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင် ဦးစီးမှူး ဦးသိန်းဝင်း က အမှာစကားပြောကြားပြီး ဆီဆိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဝင်းက ဥပဒေအသိပညာပေးဆောင်ရွက်ရခြင်း နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တောင်ကြီးခရိုင် ဓာတ်မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေး တာဝန်ခံများက တက်ရောက်လာ ကြသည့် ဆိုင်ရှင်များအား ဥပဒေအကြောင်းများကို အသိပညာပေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိ သူများက ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးရောင်းချသည့် ဈေးဆိုင်များအား စနစ်တကျရောင်းချမှုရှိစေရေး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမည်စာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်၍ ငွေကြေးလိမ်လည်တောင်းခံခဲ့သည့်ဖြစ်စဉ်အား တာဝန်ရှိသူများက ဖြစ်စဉ်အမှန်ဖော်ထုတ်နိုင်ခဲ့



ဖမ်းဆီးရမိသည့် ငြိမ်းချမ်းဦး



ဖမ်းဆီးရမိသည့် ခိုင်ဆုရည်







ငြိမ်းချမ်းဦး ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ညီမဖြစ်သူက Facebook တွင် ပို့စ်တင်ထားသည့်ဓာတ်ပုံ(ဝဲ)နှင့် ခေတ်သစ်မီဒီယာက မဟုတ်မမှန် ရေးသားဖြန့်ဝေထားမှု(ယာ)။

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်နေ မောင်ငြိမ်းချမ်းဦး(ဘ) ဦးကျော်ကျော်ဦးသည် ဇွန် ၂၅ ရက်တွင် နေအိမ်မှ ၎င်း၏အလုပ်သို့သွားရောက်စဉ် မိသားစုနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့သဖြင့် ၎င်း၏မိသားစုက လူပျောက်ကြော်ငြာများကို၎င်းတို့၏ လူမှုကွန်ရက်မှတစ်ဆင့် ဖြန့်ဝေထုတ်ပြန်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ စိစစ်ဖော်ထုတ်ချက်အရ ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အမျိုးသားတစ်ဦးက ငြိမ်းချမ်းဦး၏ မိခင်ဖြစ်သူထံ ဖုန်းဖြင့်ဆက်သွယ်၍ “ငြိမ်းချမ်းဦးအား ပြန်ပေးဆွဲထားကြောင်း၊ မိခင်ဖြစ်သူနှင့် မိသားစုဝင်များက လူမှုကွန်ရက်ပေါ်တွင် ပို့စ်တင်ရေးသားထားသည့် လူပျောက်ကြော်ငြာသတင်းများအား ပြန်ဖျက်ပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းဦးအား ပြန်လိုချင်ပါက ပြန်ပေးဆွဲငွေအနေဖြင့် သိန်း ၁၀၀ ကျပ်အား ပေးရမည်ဖြစ်ပြီး ငွေလွှဲပေးရမည့် ဘဏ်အကောင့်အား ပြန်ပြောပေးမည်”ဟု ပြောဆိုလာကြောင်း၊ ထို့နောက် ငြိမ်းချမ်းဦး၏ရည်းစားဖြစ်သူ ဒေါက်တာခိုင်ဆုရည်သည် ငြိမ်းချမ်းဦး၏ အဒေါ်ဖြစ်သူထံသို့ ဖုန်းဖြင့်ဆက်သွယ်၍ ငြိမ်းချမ်းဦး၏မိခင်ဖြစ်သူသည် ကျန်းမာရေးမကောင်း၍ ဆေးခန်းပြနေရသည်ဟု သတင်းကြားသိရသဖြင့် ကျန်းမာရေးအခြေအနေအား စိုးရိမ်၍ မေးမြန်းဆက်သွယ်လာခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် အဆိုပါဆက်သွယ်လာသော ဖုန်းနံပါတ်များကို တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ ဒေါက်တာခိုင်ဆုရည်အမည်ဖြင့် မှတ်ပုံတင်ထားကြောင်း စစ်ဆေးတွေ့ရှိရပြီး ဒေါက်တာခိုင်ဆုရည်နှင့် ငြိမ်းချမ်းဦးတို့၏ ပတ်သက်ဆက်နွယ်မှုများနှင့် ပတ်သက်၍ မသင်္ကာဖွယ်ရာ ကနဦးတွေ့ရှိရသည်။

ဇွန် ၃၀ ရက် နံနက် ၇ နာရီခွဲခန့်တွင်လည်း ငြိမ်းချမ်းဦးက အသံဖျက်၍ ပြန်ပေးဆွဲသူအယောင်ဆောင်ကာ ဖုန်းဖြင့် ထပ်မံဆက်သွယ်လာပြီး “၎င်းတို့ထံ ပိုက်ဆံဘယ်တော့လွှဲပေးမလဲ၊ အချိန်ပေးထားတာ သုံးရက်ရှိသွားပြီဖြစ်ကြောင်း၊ ၎င်းသည် ငွေသားမလိုဘဲ KBZ Pay ဖြင့်သာလိုချင်ကြောင်း၊ မလွှဲပေးပါက ငြိမ်းချမ်းဦးသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်စာရင်းထဲသို့ ပါသွားမည်ဖြစ်ကြောင်း၊ ငွေကျပ် သိန်း ၁၀၀ အား ငြိမ်းချမ်းဦး၏ KBZ Pay အကောင့်ထဲသို့သာ လွှဲပေးရန်” ထပ်မံပြောကြားလာသဖြင့် ၎င်းအားဖမ်းဆီးရမိရေး လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် တာမွေမြို့နယ်ရှိ ဟိုတယ်တစ်ခုတွင် ငြိမ်းချမ်းဦးနှင့် ဒေါက်တာခိုင်ဆုရည်တို့အား ဖမ်းဆီးရမိခဲ့သည်။ ငြိမ်းချမ်းဦးအနေဖြင့် ရည်းစားဖြစ်သူနှင့် အချိန်ကြာကြာတွေ့ဆုံနိုင်ရန်အတွက် ဇွန် ၂၇ ရက်တွင် မိသားစုနှင့် အဆက်အသွယ်ဖြတ်တောက်ကာ ယခုကဲ့သို့ စဉ်းစားဆင်ခြင်ခြင်းမရှိဘဲ ၎င်းအား ပြန်ပေးဆွဲခံရသည်ဟု လိမ်လည်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့ကြသဖြင့် ၎င်းတို့အား တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလော လူပျောက်ဆုံးမှုကိစ္စရပ်များနှင့် ပတ်သက်၍ လူမှုကွန်ရက်များတွင် ခေတ်သစ်မီဒီယာအပါအဝင် ပြည်ဖျက်မီဒီယာများက နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ ပြည်သူ့စစ်မှုထမ်း ထမ်းဆောင်ရမှုများနှင့်ပတ်သက်၍ ခေါင်းစဉ်အမျိုးမျိုး၊ အကြောင်းအရာအမျိုးမျိုးဖြင့် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိရာ အဆိုပါဖြစ်စဉ်များအား သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးခဲ့ရာတွင် အထက်ပါဖြစ်စဉ်ကဲ့သို့ မဟုတ်မမှန် ကောလာဟလသတင်းများကို ဖော်ထုတ်တွေ့ရှိရသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ထုတ်ပြန်ထားသည့် စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် သတင်းတု၊ သတင်းမှားများကို စဉ်းစားချင့်ချိန်သုံးသပ်နိုင်ပါရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းများကို ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် နှစ်ထပ်လူနေအဆောက်အအုံ တစ်လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး တရားမဝင်လူနေအဆောက်အအုံ ၆၇ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇူလိုင် ၁**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများအား ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု။

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် နှစ်ထပ်လူနေအဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် နှစ်ထပ် လူနေအဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၇ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၁၀ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇွန် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “CHEERY NAING” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းမြောက်ရပ်ကွက်နေ ချယ်ရီဇော်အား မွန်းလွဲ ၁ နာရီတွင် ကျောက်တံခါးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❂ မြန်မာအမျိုးသမီးလိဂ်မှ**

ရှမ်းယူနိုက်တက်အသင်းသည် အာဖရိက ကစားသမားသုံးဦး ခေါ်ယူထားသော်လည်း ယခုပွဲတွင် ပါဝင်နိုင်ခြင်းမရှိသေးသဖြင့် ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ခဲ့ပြီး အနိုင်ဂိုးများကို ရူပါခိုင်က ၅၅၊ ၆၂ မိနစ်တွင် သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ရူပါခိုင် (ရှမ်းယူနိုက်တက်)က ရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်း ရရှိသည်။

ပွဲစဉ် ၃ အပြီးတွင် အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက်အသင်းကိုးမှတ်စီ တူညီနေသော်လည်း အား/ကာသိပ္ပံအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ယင်းနှစ်သင်းနောက်တွင် ရတနာပုံအသင်း၊ Young Lionesses အသင်းနှင့် ဧရာဝတီအသင်းတို့က ခြောက်မှတ်စီ၊ ရှမ်းယူနိုက်တက်အသင်းက လေးမှတ်၊ ဖွဲ့ကပင်ယူနိုက် တက်အသင်းက သုံးမှတ်၊ သစ္စာအားမာန်အသင်းက တစ်မှတ်၊ မြဝတီနှင့် ရန်ကုန်စီးတီးအသင်းတို့က သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း-ကိုညီလေး**

**ဓာတ်ပုံ-MWL**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၀၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**✻ ကျောဖုံးမှ**

တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်၍ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင် ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်း တံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားအသီးသီးသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည် ဝိုင်းများ၊ ဂုဏ်ပြုနေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်သူ့ စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်း ဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင် အလုပ်အကိုင် (သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများ အနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေး တို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင် ရရှိရေး စီမံခန့်ခွဲမှုကော်မတီ" က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတို့နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း အချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက် ရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးမြောက်ကြောင်း လက်မှတ်ပုံစံ(၁၂) နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

## မြောင်းမြမြို့၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်

**မြောင်းမြ ဇူလိုင် ၁**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သမိုင်းဝင်ပြည်လုံးအေး စေတီတော်မြတ်ကြီး၌ သမဝါယမ ဦးစီးဌာနနှင့် သမဝါယမအသင်းစုတို့မှ ဝန်ထမ်းများ၊ အမှုဆောင်များ၊ အသင်းသားများ စုပေါင်း၍ ဘုရားပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ခြင်း၊ ဘုရားတန်ဆောင်း အတွင်း၊အပြင်အား အမှိုက်ကောက်၊ တံမြက်စည်းလှဲခြင်းများ ဆောင်ရွက်ကြပြီး ဧည့်ပရိသတ်များအား ဖိတ်ကြား၍ မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးကာ ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**



## အိမ်မဲမြို့နယ်၌ ပညာ့ဗောတိကာ ငွေစု/ငွေချေး သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

**အိမ်မဲ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(၂) ပညာ့ဗိမာန်ခန်းမတွင် ပညာ့ဗောတိကာ ငွေစု/ငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပညာ့ဗောတိကာ ငွေစု/ငွေချေး သမဝါယမအသင်း လီမိတက်၏ သဘာပတိနှင့် မြို့နယ်သမဝါယမ ဦးစီးဌာနဦးစီးအရာရှိ ဦးအောင်မင်းသိန်းတို့က အမှာစကားများ ပြောကြားသည်။



ထို့နောက် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုချက်ရယူကာ အသင်းသား တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် အသင်းသား ၁၇၁၂ ဦးအတွက် ငွေကျပ် ၂၅၆၈၀၀၀၀ အားပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

■

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ(၄)ရက် ( စနေနေ့ )

International Day of Cooperatives
Cooperatives for a peaceful world
4 July 2026

International Co-operative Alliance

"Cooperatives for a Peaceful World"

"ကမ္ဘာမြေငြိမ်းချမ်းဖို့ သမဝါယမများက ဝန်းရံစို့"







## ကချင်ပြည်နယ်ဝန်ကြီးချုပ် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း တက်ရောက်

မြစ်ကြီးနား ဇူလိုင် ၁

ကချင်ပြည်နယ် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက မြို့နယ်စုပေါင်းရုံး မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူးက သင်ကြားပို့ချပေးသွားမည့် ဘာသာရပ်ဆိုင်ရာ အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်တို့သည် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်နိုင်ရေး ပန္နတင်မင်္ဂလာအခမ်းအနားများသို့ တက်ရောက်ကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ တက်ရောက်ပြီး သရုပ်ပြအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်း၊ ဘက်စကတ်ဘော၊ ရိုးရာခြင်း၊ လက်ဝှေ့၊ ကြက်တောင်၊ စန္ဒကာ၊ စားပွဲတင်တင်းနစ် အားကစားပြိုင်ပွဲများတွင် ဒိုင်အဖြစ်တာဝန်ယူဆောင်ရွက်ခဲ့ကြသော ဒိုင်အဖွဲ့ဝင် များ၊ အားကစားနည်းအလိုက် ဆုရအသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုဖလားများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ တက်ရောက်

တောင်ကြီး ဇူလိုင် ၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆)ဖွင့်ပွဲသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

### ဖွင့်လှစ်

အဆိုပါသင်တန်းသို့ တောင်ကြီးမြို့နယ်မှ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ၇၅ ဦး၊ ရပ်စောက်မြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၃၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



## ကော့ကရိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

ကော့ကရိတ် ဇူလိုင် ၁

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့ကရိတ်မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က အလက–လှိုင်ဝ၌ ပြုလုပ်သည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားပြီး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသူက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသက် (၁၀)နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူ ၁၂၀ တို့အား ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်ဝင်း ဦးစီး၍ ဝန်ထမ်းများက အသက် (၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူ ကျောင်းသား ကျောင်းသူ ၁၀၇ ဦးအား ဇွန် ၃၀ ရက်တွင် နေ့ချင်းပြီးဆောင်ရွက်ပေးအပ်စဉ်။ အယ်မင်း (လွိုင်လင်)

## ကန်ကြီးထောင့်မြို့နယ်၌ အခြေခံစက်ချုပ်နှင့် ဆပ်ပြာဆီ၊ ဆပ်ပြာခဲပြုလုပ်နည်း သင်တန်းဆင်း

ကန်ကြီးထောင့် ဇူလိုင် ၁

ဧရာဝတီတိုင်း ဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ရပ်ရွာအခြေပြု Ready to Wear အခြေခံစက်ချုပ်နှင့် ဆပ်ပြာဆီ၊ ဆပ်ပြာခဲပြုလုပ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ရှမ်းရွာကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် ဧရာဝတီတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မိုးသူတင့်က အမှာစကား ပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့က သင်တန်းသူများ သင်တန်းတွင် ပြုလုပ်ထားသည့် ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့်ချုပ်လုပ်ထားသော အဝတ်အထည်များကို ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၀ တို့ဖြင့် ဇွန် ၂၀ ရက်မှ ၃၀ ရက်အထိ စာတွေ့ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲမှ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အမှတ်(၁) လေ့ကျင့်ရေးကွင်း၌ သက်ဆိုင်ရာ အားကစားနည်းများအလိုက် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ယနေ့တွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြိုင်ပွဲဝင်အသင်းများ၊ အုပ်ချုပ်သူနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။



ယနေ့တွင် အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသူများကို တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများ ပေးအပ်ကြသည်။

ယမန်နေ့ကလည်း ဘော်လီဘောပြိုင်ပွဲ (အမျိုးသား) နှင့် ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များနှင့် တတိယနေရာလုပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမဆုရ ပုသိမ်ဘော်လီဘော (အမျိုးသား) အသင်း၊ ဒုတိယဆုရ မန္တလေးဘော်လီဘော (အမျိုးသား) အသင်း၊ တတိယဆုရ တောင်ကြီးဘော်လီဘော(အမျိုးသား) အသင်း၊ ပထမဆုရ မော်လမြိုင်ဘော်လီဘော (အမျိုးသမီး)အသင်း၊ ဒုတိယဆုရ နေပြည်တော် ဘော်လီဘော (အမျိုးသမီး) အသင်း၊ တတိယဆုရ မန္တလေး ဘော်လီဘော(အမျိုးသမီး) အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုများနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်စသည့် အားကစားနည်း ငါးမျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းတုန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြ

**မင်းတုန်း ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မင်းရွာကိုင်းကျေးရွာအုပ်စု တောင်သူဦးညွန့်ဝင်း၏ ကိုင်းမြေ ၁ ဒသမ ၅၀ ဧကတွင် ယနေ့နံနက် ၈ နာရီက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်း ကွင်းသရုပ်ပြပွဲဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းကိုက သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးမြေမြှုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းဆွေးနွေးသည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်း၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ညှိနှိုင်းမှုကော်မတီအဖွဲ့ဝင်များ၊ တံတားကျေးရွာအုပ်စုနှင့် မင်းရွာကိုင်းကျေးရွာအုပ်စုတို့ရှိတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**





ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ဦးခင်မောင်တင့်နှင့်အဖွဲ့သည် ဇွန် ၃၀ ရက်က ရှေ့ပြေးဥပဒေရုံးများဖြစ်သည့် ပဲခူးခရိုင်ဥပဒေရုံးနှင့် ပဲခူး မြို့နယ်ဥပဒေရုံးတို့၌ ရှေ့ပြေးဥပဒေရုံးများ ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ တိုင်းဒေသကြီး (ပြန်/ဆက်)

# (၁၀၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပြပွဲတွင် ခင်းကျင်းပြသမည့် သဘာဝစားပွဲပစ္စည်းများ ကြည့်ရှုစစ်ဆေး

**ပေါင်းတည် ဇူလိုင် ၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် အဖွဲ့သည် ဇွန် ၃၀ ရက်က မင်းသားကြီး သဘာဝစားပွဲနှင့် အထွေထွေကုန်ထုတ်လုပ်ငန်း သမဝါယမအသင်းလီမိတက်သို့ သွားရောက်၍ အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မှာကြားပြီး သဘာဝစားပွဲပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သဘာဝစားပွဲနှင့် အထွေထွေကုန်ထုတ်လုပ်ငန်းသမဝါယမအသင်းလီမိတက်တွင် ဒေသတွင်းရရှိသည့် သဘာဝကုန်ကြမ်းပစ္စည်းများကို ထိရောက်စွာအသုံးချ၍ သဘာဝစားပွဲပစ္စည်းမျိုးစုံ ထုတ်လုပ်လျက်ရှိပြီး ဇူလိုင် ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်ပြပွဲ၌ ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ လစဉ်သတင်းထုတ်ပြန်ချက်

**(၁-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၃၁-၅-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၆-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅) ခုအား စစ်ဆေးပြီးစီး ခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့် စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- ❖ အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ❖ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ❖ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန**



ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၂၆ ရက်တွင် ရွှေဘိုတက္ကသိုလ်၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



ဝမ်းတွင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က မြတ်စောညီနောင်ဘုရားဝင်းအတွင်း၌ ကျင်းပရာ တာဝန်ရှိသူများက စိုက်ပျိုးမည့် ပျိုးပင်များ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

※ ပြင်သစ်အသင်းမှ

အိုင်ဗရီကိုစ့်အတွက် သွင်းဂိုးတစ်ဂိုးကို အာမက်ဒီယာလိုက သွင်းယူပေးခဲ့ကာ (၁၆)သင်းအဆင့်မှာ ဘရာဇီးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ပူးတွဲအိမ်ရှင်မက္ကဆီကိုအသင်းကတော့ အီကွေဒေါအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး (၁၆)သင်းအဆင့်မှာ အင်္ဂလန်အသင်းနဲ့ ကွန်ဂိုအသင်းတို့ပွဲစဉ်မှာ အနိုင်ရတဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။

**ငွေကြယ်**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၈၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဇူလိုင် လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

စ - ၃၁၂၂၀၆

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆုများ

က - ၈၀၀၆၀၈    က - ၉၂၁၀၅၃

ကံထူးရှင်(၂)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ခ - ၄၂၄၁၀၅    ဌ - ၉၄၆၆၈၅
ဈ - ၈၆၂၄၁၀

ကံထူးရှင်(၃)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ဂ - ၆၈၁၇၁၁    ဆ - ၇၉၄၄၃၀
ဈ - ၇၃၇၅၉၆    င - ၉၀၇၁၉၁

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဍ - ၂၀၀၂၆၁ | ပ - ၄၆၁၁၉၄ |
| ဍ - ၂၃၆၃၁၉ | ဂ - ၅၁၉၄၁၀ |
| ဋ - ၂၅၇၁၇၅ | ဏ - ၆၆၃၅၅၈ |
| ဏ - ၂၉၄၀၄၂ | ဍ - ၉၃၈၉၅၀ |
| ဍ - ၃၁၂၆၉၆ | ဓ - ၉၉၁၄၀၆ |
| ဓ - ၃၈၆၀၁၈ | |

ကံထူးရှင်(၁၁)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ဈ - ၁၃၄၆၇၉ | ခ - ၃၄၅၇၂၂ | င - ၆၆၈၇၂၁ |
| ဈ - ၂၃၈၄၄၃ | စ - ၄၅၂၀၃၄ | ဂ - ၉၁၉၉၈၉ |
| င - ၂၇၇၁၆၅ | က - ၅၀၉၇၇၉ | ပ - ၉၂၄၀၀၈ |
| စ - ၂၉၇၃၁၄ | ဂ - ၆၁၉၅၂၂ | ဓ - ၉၆၀၉၅၀ |

ကံထူးရှင်(၁၂)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| စ - ၁၄၁၂၁၆ | ဆ - ၆၉၂၂၃၀ | က - ၉၀၃၈၉၂ |
| က - ၁၉၆၉၃၆ | ဏ - ၇၇၆၃၃၄ | ဈ - ၉၄၂၆၈၉ |
| ဃ - ၁၉၇၂၅၀ | ဓ - ၈၀၃၇၁၁ | ဏ - ၉၅၄၉၀၇ |
| ဈ - ၄၀၈၁၅၁ | ဈ - ၈၁၀၁၃၂ | ပ - ၉၉၃၀၄၈ |
| ဆ - ၅၅၄၇၉၆ | က - ၈၆၄၈၉၆ | |

ကံထူးရှင်(၁၄)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဆ - ၂၀၉၆၈၀ | င - ၆၆၄၉၇၃ |
| ခ - ၂၁၂၅၁၇ | ခ - ၆၉၇၂၆၃ |
| ဏ - ၃၃၇၂၃၉ | ည - ၇၈၆၅၂၁ |
| က - ၄၂၈၁၇၂ | ည - ၉၂၇၇၁၀ |
| က - ၅၂၉၂၇၉ | ပ - ၉၆၃၀၇၅ |
| ည - ၅၃၄၉၄၁ | ဏ - ၉၆၃၀၇၆ |
| ည - ၅၇၅၈၁၅ | ဏ - ၉၆၆၂၃၀ |
| ဂ - ၅၇၉၆၉၀ | |

ကံထူးရှင်(၁၅)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| င - ၁၆၃၆၀၂ | ဂ - ၅၁၅၃၁၄ | ဃ - ၇၂၅၀၅၀ |
| ဍ - ၂၄၄၇၁၁ | စ - ၅၃၀၀၆၅ | ဆ - ၇၃၉၀၃၅ |
| ဆ - ၃၁၆၇၅၇ | ဍ - ၅၅၇၁၃၉ | ဍ - ၇၆၇၅၀၉ |
| ဍ - ၃၅၄၂၅၇ | ဋ - ၅၈၁၇၈၂ | င - ၇၇၂၈၇၉ |
| ဋ - ၃၈၁၇၂၉ | ဈ - ၅၉၇၄၉၁ | ဌ - ၈၀၃၉၅၀ |
| ဍ - ၄၄၀၆၀၀ | င - ၆၀၃၆၈၇ | ဈ - ၈၅၀၉၃၇ |
| ဌ - ၄၅၀၁၈၆ | ပ - ၆၃၀၀၉၅ | ဈ - ၉၅၅၃၁၃ |
| ဏ - ၄၆၉၂၇၂ | က - ၆၇၄၇၆၀ | |

ကံထူးရှင်(၂၃)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| က - ၁၅၃၄၁၁ | ဈ - ၆၈၄၈၅၁ |
| ခ - ၂၆၀၃၅၂ | ဂ - ၇၃၁၅၁၀ |
| ဌ - ၂၈၈၂၈၁ | ဃ - ၇၇၀၃၆၃ |
| က - ၂၉၁၈၆၁ | ဏ - ၇၇၃၈၁၆ |
| ဓ - ၃၉၁၆၆၂ | ဍ - ၈၂၉၆၃၈ |
| ဌ - ၄၁၄၁၄၀ | ည - ၈၄၈၃၇၅ |
| ဋ - ၄၃၄၂၁၁ | ဂ - ၈၆၄၉၁၁ |
| ဓ - ၅၄၇၇၈၁ | ဍ - ၉၂၁၄၀၂ |
| ဓ - ၅၆၃၉၀၆ | ဈ - ၉၂၈၂၆၉ |
| ဂ - ၅၆၆၇၂၁ | ဃ - ၉၆၄၂၄၈ |
| ဍ - ၅၇၅၃၂၄ | ည - ၉၆၅၆၇၅ |
| ဋ - ၆၄၅၄၀၈ | ဂ - ၉၇၉၁၂၆ |

ကံထူးရှင်(၂၄)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်

ဋ - ၃၈၄၈၁    င - ၈၀၄၅၁
ဈ - ၃၈၆၄၂    ဏ - ၈၉၉၁၁
ဋ - ၇၉၆၃၄

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်

င - ၁၀၂၅    စ - ၆၁၀၈    ခ - ၈၅၃၈
ဂ - ၂၀၁၅    ဓ - ၇၇၆၁    ဓ - ၉၃၁၅
ဓ - ၃၃၁၂    ဈ - ၈၃၅၂    ဍ - ၉၈၈၈
ည - ၅၄၆၉

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်

က - ၁၂၆    ဋ - ၅၀၂    ဌ - ၆၁၉
ည - ၁၃၇    ဃ - ၅၆၉    ဍ - ၇၄၀
ဂ - ၂၃၀    ခ - ၅၈၅    ဂ - ၈၂၀
ခ - ၂၅၈    င - ၆၁၇    ဂ - ၉၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဍ - ၃၈    ဈ - ၄၄    ဓ - ၄၉    ဏ - ၅၉    ဃ - ၈၇    င - ၉၁

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဋ - ၂

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

ဋ - ၄၃၈၀၄၄    င - ၆၈၉၄၀၃
ဍ - ၄၇၆၉၉၈    ဆ - ၇၁၃၃၆၃

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ဏ - ၉၀၂၆၈    ဋ - ၉၆၈၂၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

စ - ၂၂၀၇    ပ - ၃၀၈၃

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

ည - ၂၁၇    ဍ - ၃၇၁

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၅၃၈၃ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၅၃၈၃ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့်(၈၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က)အက္ခရာမှ (တ)အက္ခရာထိ အက္ခရာ (၁၆)လုံးဖြစ်ပါသည်။

၃။ (၈၈)ကြိမ်မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၂-၇-၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို( ၁၃-၇-၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးတက္ကသိုလ် ၂ ရန်ကုန်
# (၂၀၂၇)ပညာသင်နှစ်
## ဆေးပညာပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၇-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ် ၂ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| ၁ | ပါရဂူဘွဲ့ (ခန္ဓာဗေဒ) | Ph. D (Anatomy) | ၃ နှစ် |
| ၂ | ပါရဂူဘွဲ့ (ဇီဝကမ္မဗေဒ) | Ph. D (Physiology) | ၃ နှစ် |
| ၃ | ပါရဂူဘွဲ့ (ဇီဝဓာတုဗေဒ) | Ph. D (Biochemistry) | ၃ နှစ် |
| ၄ | ပါရဂူဘွဲ့ (အဏုဇီဝဗေဒ) | Ph. D (Medical Microbiology) | ၃ နှစ် |
| ၅ | ပါရဂူဘွဲ့ (ဆေးဝါးဗေဒ) | Ph. D (Pharmacology) | ၃ နှစ် |

**ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ) | Dr.Med.Sc(General Medicine) | ၃ နှစ် |
| (၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အထွေထွေခွဲစိတ်ကုပညာ) | Dr.Med.Sc(General Surgery) | ၃ နှစ် |
| (၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သားဖွားမီးယပ်ပညာ) | Dr.Med.Sc (Obstetrics & Gynaecology) | ၃ နှစ် |
| (၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးကျန်းမာပညာ) | Dr.Med.Sc(Paediatrics) | ၃ နှစ် |
| (၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရိုးရောဂါပညာ) | Dr.Med.Sc ( Orthopaedics) | ၃ နှစ် |
| (၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (နှလုံးရောဂါပညာ) | Dr.Med.Sc(Cardiology) | ၃ နှစ် |
| (၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ဆေးပညာ) | Dr.Med.Sc (Respiratory Medicine) | ၃ နှစ် |
| (၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့် အာရုံကြောဆေးပညာ) | Dr.Med.Sc (Neurology) | ၃ နှစ် |
| (၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) | Dr.Med.Sc (Neurosurgery) | ၃ နှစ် |
| (၁၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ ( ကျောက်ကပ်ရောဂါပညာ) | Dr.Med.Sc (Nephrology) | ၃ နှစ် |
| (၁၁) | ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း ရောဂါခွဲစိတ်ကုပညာ) | Dr.Med.Sc (Urology) | ၃ နှစ် |
| (၁၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ) | Dr.Med.Sc(Gastroenterology) | ၃ နှစ် |
| (၁၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ ( အသည်းရောဂါပညာ) | Dr.Med.Sc (Hepatology) | ၃ နှစ် |
| (၁၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါပညာ) | Dr.Med.Sc (Clinical Haematology ) | ၃ နှစ် |
| (၁၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မွေးကင်းစကလေးဆေးပညာ) | Dr.Med.Sc (Neonatology) | ၃ နှစ် |
| (၁၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ) | Dr.Med.Sc (Hand Surgery) | ၃ နှစ် |
| (၁၇) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မီးယပ်ဆိုင်ရာ ကင်ဆာရောဂါပညာ) | Dr.Med.Sc (Gynaecological Oncology ) | ၃ နှစ် |
| (၁၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျိုးပွားမှုဆိုင်ရာဆေးပညာ) | Dr.Med.Sc (Reproductive Health) | ၃ နှစ် |
| (၁၉) | ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ) | Dr.Med.Sc (Anaesthesiology) | ၃ နှစ် |
| (၂၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတ်မှန်ပညာ) | Dr.Med.Sc (Radiology) | ၃ နှစ် |
| (၂၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (မျက်စိရောဂါပညာ) | Dr.Med.Sc (Ophthalmology) | ၃ နှစ် |
| (၂၂) | ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ကုပညာ) | Dr.Med.Sc (Otorhinolaryngology, Head and Neck Surgery) | ၃ နှစ် |
| (၂၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဥပဒေရေးရာဆေးပညာ) | Dr.Med.Sc (Medical Jurisprudence) | ၃ နှစ် |
| (၂၄) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ) | Dr.Med.Sc (Rehabilitation Medicine) | ၃ နှစ် |
| (၂၅) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောရိုးခွဲစိတ်ကုပညာ) | Dr.Med.Sc ( Spine Surgery) | ၃ နှစ် |
| (၂၆) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) | Dr.Med.Sc (Endocrinology) | ၃ နှစ် |
| (၂၇) | ဆေးလက်တွေ့ပါရဂူဘွဲ့(စိတ်ကျန်းမာပညာ) | Dr.Med.Sc (Mental Health) | ၃ နှစ် |
| (၂၈) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အပူပိုင်းကူးစက်ရောဂါပညာ) | Dr.Med.Sc (Tropical & Infectious Disease) | ၃ နှစ် |
| (၂၉) | ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ) | Dr.Med.Sc (Haematopathology) | ၃ နှစ် |
| (၃၀) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အသားမျှင်ရောဂါဗေဒ) | Dr.Med.Sc (Histopathology) | ၃ နှစ် |
| (၃၁) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ဓာတုရောဂါဗေဒ) | Dr.Med.Sc (Chemical Pathology) | ၃ နှစ် |
| (၃၂) | ဆေးလက်တွေ့ပါရဂူဘွဲ့ (အရေပြားရောဂါပညာ ) | Dr.Med.Sc (Dermatology) | ၃ နှစ် |
| (၃၃) | ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးနှလုံးရောဂါဆေးပညာ) | Dr.Med.Sc (Pediatric cardiology) | ၃ နှစ် |

၂။ **လိုအပ်သောအရည်အချင်း**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့/ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်းများအားလုံးအတွက် သက်ဆိုင်ရာဘာသာရပ်၌ ဆေးပညာမဟာသိပ္ပံဘွဲ့(သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ်မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံးလုပ်သက်(၂)နှစ်ရှိသူနိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။

(ဃ) ပြည်ပဦ်မိမိအစီအစဉ်ဖြင့် ဘွဲ့လွန်ရရှိပြီးမှ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ပြီး ပါရဂူဘွဲ့လွန်သင်တန်းလျှောက်ထားလာပါက ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာ၊ ဥပဒေရေးရာဆေးပညာ) သင်တန်းများအတွက် လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်း လုပ်သက်(၃)နှစ်ရှိရမည်။ ကျန်ပါရဂူဘွဲ့သင်တန်းများအတွက် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ စုစုပေါင်းလုပ်သက် (၄)နှစ်ရှိရမည်။

(င) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကလေးနှလုံးရောဂါဆေးပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(စ) ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဆ) ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)ဘွဲ့ (သို့မဟုတ်) ဆေးပညာမဟာသိပ္ပံ (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ) ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ဇ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဈ) ဆေးလက်တွေ့ပါရဂူဘွဲ့ (ဟော်မုန်းရောဂါများအထူးကုပညာ) သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူဖြစ်ရမည်။

(ည) ဆေးလက်တွေ့ပါရဂူဘွဲ့ (သွေးရောဂါဗေဒ၊ အသားမျှင်ရောဂါဗေဒ၊ ဓာတုရောဂါဗေဒ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဋ) ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဌ) ဆေးလက်တွေ့ပါရဂူဘွဲ့ (လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ) ဘွဲ့ ရရှိထားသူဖြစ်ရမည်။

(ဍ) ဆေးလက်တွေ့ပါရဂူဘွဲ့(အပူပိုင်းကူးစက်ရောဂါပညာ)သင်တန်းအတွက် ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)ဘွဲ့ရရှိထားသူများဖြစ်ရမည်။

(ဎ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဏ) ပါရဂူဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၃၁-၈-၂၀၂၆)ရက် (တနင်္လာနေ့) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင် အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကိုဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်။

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ် ၂ ရန်ကုန်ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၂၉-၁၀-၂၀၂၆)ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်၁၀၀၀၀/- (ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ် ၂ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD-၀၁၀၂၃၃ သို့ ပေးသွင်းရမည်။

(**မှတ်ချက်။** မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသောငွေစာရင်းအမှတ် MD - ၀၁၀၂၃၃ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်၊)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီးမှ တက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ ပြည်ပ ဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ(မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေကိုပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ် ၂ ရန်ကုန် ဖုန်းနံပါတ်- (၀၉-၆၈၇၀၀၇၇၂၇ ၊ ၀၉-၆၈၇၆၀၈၆၂)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ် ၂ ရန်ကုန်၏ Website: https://www.um2ygn.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ် ၂ ရန်ကုန်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးလှရီ၏သား ကျွန်တော် ဦးတင်ထွန်း [၁၂/ဥကမ (နိုင်) ၂၂၁၉၃၅]၏ သင်္ဘောသားမှတ်ပုံတင်စာအုပ် အမှတ် (C.D.C-၁၄၅၅၂၂) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-454298126**
**09-691992384**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ မဟာနွယ်စဉ် ရပ်ကွက်၊ အကွက်အမှတ် (၄၁၃-က/ အပိုင်း-၇)၊ ဦးပိုင်အမှတ်(၁၄) ၊ ၃၇x၃၈ ကြား၊ ၆၉ လမ်းနှင့် ရေနီမြောင်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးချစ်ဆွေ [၉/မရတ (နိုင်) ၀၇၁၅၅၉]က အမှုတွဲအမှတ် (၀၆၉၀/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် (၇၀၈)၊ ဦးပိုင်အမှတ် (၈၀-က)၊ ၃၂(ဘီ)လမ်း၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းမြင့်မြင့်လွင် [၉/မရမ (နိုင်) ၀၂၆၃၄၉]၏ (GPရရှိသူ ဒေါ်နန်းရှုပါသန်း)က အမှုတွဲအမှတ် (၀၇၀၉/ ၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ် (၄၁၅-N)၊ ဦးပိုင်အမှတ် (၂၀၈-ဃ)၊ ၈x၁၁ ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မန်း [၉/မနမ(နိုင်)၀၃၁၄၉၈]က အမှုတွဲအမှတ် (၀၇၁၁/၂၀၂၆-၂၀၂၇) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်တွင် ပါဝင်သည့် “နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်” ဟူသည့်အချက်အား လက်တွေ့အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၃/၂၀၂၄) တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းကာ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး တာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော် အရာရှိကြီးများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳



ပြည်သူ့စစ်မှုထမ်းများအား တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# ပြင်သစ်အသင်း၊ နော်ဝေအသင်းနဲ့ မက္ကဆီကိုအသင်းတို့ နိုင်ပွဲကိုယ်စီရပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆)သင်းအဆင့်တက်လှမ်း

ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ (၃၂)သင်းအဆင့်ပွဲစဉ်တွေကို ဇွန် ၃၀ ရက်ညပိုင်းနဲ့ ဇူလိုင် ၁ ရက်နံနက်ပိုင်းတို့မှာ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်း၊ နော်ဝေအသင်းနဲ့ မက္ကဆီကိုအသင်းတို့ နိုင်ပွဲကိုယ်စီရပြီး (၁၆)သင်းအဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။



နော်ဝေအသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပြင်သစ်အသင်းဟာ ဆွီဒင်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို အမ်ဘတ်ပီကနှစ်ဂိုး၊ ဘာကိုလာက တစ်ဂိုး သွင်းယူပေးခဲ့ပြီး တိုက်စစ်မှူး အမ်ဘတ်ပီဟာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလား သွင်းဂိုးခြောက်ဂိုး ရှိသွားပြီလည်း ဖြစ်ပါတယ်။

နော်ဝေအသင်းကတော့ (၃၂)သင်းအဆင့်မှာ အိုင်ဗရီကို့စ်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နော်ဝေအသင်းအတွက် သွင်းဂိုးတွေကို နူဆာနဲ့ ဟာလန်းတို့က သွင်းယူပေးခဲ့ပြီး စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✳

# မြန်မာအမျိုးသမီးလိဂ် ပွဲစဉ် (၃) နောက်ဆုံးနေ့တွင် ရှမ်းယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃) နောက်ဆုံးနေ့ကို ဇူလိုင် ၁ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက မြဝတီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရာသီအစ နှစ်ပွဲဆက်တိုက် နိုင်ပွဲပျောက်ထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် လက်ရွေးစင်တိုက်စစ်ကစားသမား ရူပါခိုင်၏ သွင်းဂိုးနှစ်ဂိုးဖြင့် ပထမဆုံးနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ရှမ်းယူနိုက်တက်အသင်းက ဒုတိယပိုင်းတွင် အနိုင်ဂိုးများ သွင်းယူခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းမှာမူ ရာသီအစ ရလဒ်များ ဆက်တိုက်ဆိုးရွားနေပြီး သုံးပွဲဆက်တိုက် ရှုံးပွဲကြုံတွေ့ခဲ့သည်။ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✪



ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဇူလိုင် ၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဇူလိုင် ၃ ရက်၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ယနေ့ ဖတ်စရာ


(၃၈)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး ကျင်းပ — စာမျက်နှာ » ၅

ရန်ကုန်မြို့ အဆောက်အအုံများအား ငလျင်နှင့် သဘာဝဘေးအန္တရာယ် အကဲဖြတ်ခြင်း စီမံကိန်း(Pilot Survey Project) မိတ်ဆက် — စာမျက်နှာ » ၁၃

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် အမည်စာရင်းတွင် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်၍ ငွေကြေးလိမ်လည်တောင်းခံခဲ့သည့်ဖြစ်စဉ်အား တာဝန်ရှိသူများက ဖြစ်စဉ်အမှန် ဖော်ထုတ်နိုင်ခဲ့ — စာမျက်နှာ » ၁၄

၂၀၂၆ ခုနှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ — စာမျက်နှာ » ၁၈